
# အဂတိပယ်ချွာ ပြည်သာယာ




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ
ပြုစုထုတ်ဝေသည်။

www.accm.gov.mm

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

Anti-Corruption Newsletter

Vol: 1, Nov 2025




အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် AI အသုံးပြုခြင်းကြောင့် ရရှိလာမည့် အခွင့်အလမ်း




အမေရိကန် အထက်လွှတ်တော်အမတ်
အဂတိလိုက်စားမှုများဖြင့် အရေးယူခံရ




အင်ဒိုနီးရှား စွမ်းအင် ကုမ္ပဏီ၏ ၁၇ ဘီလီယံ
အဂတိလိုက်စားမှုများ စတင်စစ်ဆေး




အဂတိလိုက်စားမှုများကြားမှ
ဖိလစ်ပိုင် ပြည်သူများ



တောင်ဆူဒန်နိုင်ငံ၏
အဂတိလိုက်စားမှုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် Artificial Intelligence (AI) အသုံးပြုခြင်းကြောင့် ရရှိလာမည့် အခွင့်အလမ်းများ | ၁ | ၄ |
| ၂ | ဖိလစ်ပိုင်ငွေ (ပီဆို) ထရီလီယံပေါင်းများစွာ ဆုံးရှုံးမှုက ဖိလစ်ပိုင်သမ္မတမားကို့စ်အတွက်သမိုင်းဝင်အကြပ်အတည်းကို ဖြစ်စေခဲ့ | ၅ | ၁၁ |
| ၃ | အမေရိကန် အထက်လွှတ်တော်အမတ်ဟောင်း Robert Menendez အား အဂတိလိုက်စားမှု၊ တရားမဝင် နိုင်ငံခြားကိုယ်စားလှယ် ဆောင်ရွက်မှုနှင့် တရားစီရင်ရေး နှောင့်ယှက်မှုများ အတွက် ထောင်ဒဏ် ၁၁ နှစ်ချမှတ် | ၁၁ | ၁၅ |
| ၄ | အမေရိကန်လွှတ်တော်အမတ်ဟောင်း Robert Menendez ၏ ဇနီး လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ် ၄ နှစ်ကျော် ချမှတ်ခံရ | ၁၆ | ၁၈ |
| ၅ | တောင်ကိုရီးယား ဘာသာရေးအဖွဲ့နှင့် နိုင်ငံတော်အကြား အဂတိလိုက်စားမှုတွင် သမ္မတဟောင်းယွန်း၏ မဟာမိတ် ကွမ်ဆောင်ဒုန် ဖမ်းဆီးခံရ | ၁၉ | ၂၃ |
| ၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုက ၁၉ မီလီယံကျော် တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းနိုင်ခဲ့ | ၂၃ | ၂၄ |
| ၇ | လိမ်လည်သူတွေဟာ သန်းပေါင်းများစွာသော ငွေတွေကို ခိုးယူဖို့အတွက် လူမှုကွန်ရက်၊ ဆော့ဖ်ဝဲလ်နဲ့ ခံစစ်ကုမ္ပဏီ တွေကို ဘယ်လိုအသုံးပြုလဲ | ၂၄ | ၂၉ |


| | | | |
|---|---|---|---|
| ၈ | အင်ဒိုနီးရှား နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ၏ ဒေါ်လာ ၁၇ ဘီလီယံ အဂတိလိုက်စားမှုဖြစ်သည်ကို အသေးစိတ် စုံစမ်းစစ်ဆေး | ၃၀ | ၃၂ |
| ၉ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် Artificial Intelligence (AI) အသုံးပြုခြင်းကြောင့် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ | ၃၂ | ၃၆ |
| ၁၀ | ဖိလစ်ပိုင်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (OMB) က DPWH ဝန်ထမ်း ၁၆ ဦးအား ရာထူး ဆိုင်းငံ့အမိန့်ထုတ်ပြန် | ၃၆ | ၃၈ |
| ၁၁ | ဒေါ်လာ ၁၁ ဒသမ ၅ သန်းတန် မျိုးရိုးဗီဇစစ်ဆေးခြင်း လိမ်လည်မှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့အတွက် ကုန်သည် တစ်ဦး ထောင်ဒဏ်ချမှတ်ခံရ | ၃၈ | ၄၀ |
| ၁၂ | စင်္ကာပူနိုင်ငံအတွင်း စီးပွားရေးအကျိုးအမြတ်အတွက် အဂတိလိုက်စားမှုကျူးလွန်ကြသော လူပုဂ္ဂိုလ် ၄ ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့ | ၄၀ | ၄၃ |
| ၁၃ | စီအိတ်ဒီက အဂတိလိုက်စားမှုများကို ရှုံ့ချပြီး ကျောင်းသားများ ၏ ဆန္ဒပြမှုများကို ထောက်ခံအားပေး | ၄၃ | ၄၅ |
| ၁၄ | တောင်ဆူဒန်နိုင်ငံတွင် စားနပ်ရိက္ခာပြတ်လပ်မှု ပိုမိုဆိုးရွား လာပြီး အစိုးရ၏ အဂတိလိုက်စားမှု ကြီးမားလာကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထား | ၄၅ | ၄၈ |
| ၁၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုနိုင်ငံတကာဦးစားပေး အစီအစဉ်တွင်ထိပ်ဆုံးသို့ မြှင့်တင်ခြင်း | ၄၉ | ၅၅ |
| ၁၆ | တောင်ဆူဒန် အစိုးရအဖွဲ့အစည်း၏ အဂတိလိုက်စားမှုက ကြီးမားသော လူ့အခွင့်အရေး အကျပ်အတည်းကို ဖြစ်ပေါ်စေကြောင်း ကုလသမဂ္ဂ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြ | ၅၅ | ၆၂ |




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်

(၂၀၂၄ ခုနှစ်၊ ၂၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဦးတည်ချက်တွေ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွေမှာ မိမိတို့ကျရာ ကဏ္ဍကနေ တိတိကျကျ ကြပ်ကြပ်မတ်မတ် ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါ့အပြင် ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနဲ့ အများပြည်သူ အားလုံးတို့ကလည်း တက်ကြွစွာ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြမှသာ အဂတိလိုက်စားမှုတွေ လျော့နည်း ပပျောက်အောင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။


"PEOPLE SHOULD BE CONSCIOUS THAT THEY CAN CHANGE A CORRUPT SYSTEM.
Peter Eigen,
Founder of Transparency International.
TRANSPARENCY INTERNATIONAL
the global coalition against corruption


"PEOPLE'S INDIFFERENCE IS THE BEST BREEDING GROUND FOR CORRUPTION TO GROW.
Delia Ferreira Rubio
Chair of Transparency International.
TRANSPARENCY INTERNATIONAL
the global coalition against corruption

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် Artificial Intelligence (AI) အသုံးပြုခြင်းကြောင့် ရရှိလာမည့် အခွင့်အလမ်းများ

ဉာဏ်ရည်တု Artificial Intelligence (AI) ကိရိယာများသည် အလွန်များပြားသည့် အချက်အလက်များကို ထိရောက်စွာ အသုံးပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းတို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အလွန်အသုံးဝင်သော အလားအလာကောင်းရှိသည့် နည်းပညာတစ်ခုဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ၊ စာချုပ်များနှင့် ဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ကိုယ်တိုင်ပြန်လည်စစ်ဆေးသည့် သမားရိုးကျ စုံစမ်းစစ်ဆေးရေး နည်းလမ်းများသည် အချိန်ကုန်လူပင်ပန်းဖြစ်စေပြီး လူကြောင့်ဖြစ်ပေါ်လာနိုင်သည့် အမှားအယွင်းများလည်း ရှိနိုင်ပါသည်။ AI-Powered Systems များသည် အထူးသဖြင့် Machine Learning ပုံစံများနှင့် အချက်အလက်များ၏ ကွဲလွဲချက်များကို ပြန်လည်သုံးသပ်ပြီး ဖော်ထုတ်ပေးသောကြောင့် လူသားစုံစမ်းစစ်ဆေးရေးမှူးများထက် ပိုမိုလျင်မြန် တိကျစွာ အဂတိလိုက်စားမှုဆိုင်ရာ ကိစ္စရပ်များအား ဖော်ထုတ်သတိပေးနိုင်ကြပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် AI နည်းပညာ အသုံးပြု၍ ရရှိလာမည့် အခွင့်အလမ်းအချို့မှာ-

### ငွေကြေးလွှဲပြောင်းမှုများတွင် ပုံမှန်မဟုတ်သည့်အရာများကို ထောက်လှမ်းနိုင်ခြင်း

AI စနစ်များသည် ခေတ်မီ Algorithm များအသုံးပြု၍ သံသယဖြစ်ဖွယ် အသုံးပြုမှုပုံစံများကို မှတ်သားထားခြင်း၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများတွင် ပြောင်းလဲမှုများကို ထောက်လှမ်းခြင်းနှင့် အဂတိလိုက်စားမှု၊ လိမ်လည်မှု သို့မဟုတ် ငွေကြေးခဝါချမှု တို့ကို ညွှန်ပြနိုင်၍ ပုံမှန်မဟုတ်သည့် အချက်များကို အချက်ပြသတိပေးနိုင်ပြီး မှားယွင်းသော အချက်ပြမှုများအား လျှော့ချနိုင်ပါသည်။ ဥပမာအားဖြင့် Global Laundromat လိမ်လည်မှုကြီး ဖြစ်ပြီးနောက် HSBC ဘဏ်သည် တည်နေရာ၊ Internet Protocol(IP) လိပ်စာနှင့် အသုံးပြုမှုပုံစံများ အပါအဝင်များပြားသော အချက်အလက်များကို

ခွဲခြမ်းစိတ်ဖြာ၍ အဂတိလိုက်စားမှုအရှုပ်တော်ပုံနှင့် လိမ်လည်မှုအစီအမံများကို ဖော်ထုတ်ပေးသည့် AI စနစ်များကို အကောင်အထည်ဖော်ခဲ့ပါသည်။ AI ကိရိယာများသည် Account များ၊ ဖောက်သည်များနှင့် လုပ်ငန်းများအကြား ချိတ်ဆက်မှုများကိုလည်း အကဲဖြတ်နိုင်ပြီး အဂတိလိုက်စားမှုများအား လျှို့ဝှက်ဖော်ထုတ်ပေးနိုင်သည့် အပြင် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးတွင် သတ်မှတ်ထားသော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ၌ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ဘဏ္ဍာရေး အဖွဲ့အစည်းများက ဖော်ထုတ်ရာတွင် ကူညီပေးနိုင်ပါသည်။ ထို့ပြင် AI သည် သမားရိုးကျ စောင့်ကြည့်ရေးနည်းလမ်းများမှတစ်ဆင့် သတိမမူမိသော အချက်အလက်များကို ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ဖော်ထုတ်နိုင်ရေး အကူအညီပေးရန်အတွက် သတင်းဆောင်းပါးများ သို့မဟုတ် လူမှုကွန်ရက် မီဒီယာပို့စ် များကဲ့သို့ စနစ်တကျ မရှိသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ နိုင်စွမ်းရှိပါသည်။

## အစိုးရကဏ္ဍကို စောင့်ကြည့်စစ်ဆေးခြင်း

AI ကိရိယာများသည် အစိုးရဌာနများ၏ စာချုပ်များ၊ ဝယ်ယူရေးလုပ်ငန်းစဉ်များနှင့် အများပြည်သူသုံးငွေများ၏ ပြောင်းလဲမှုကို စောင့်ကြည့်နိုင်ပါသည်။ AI သည် ကြီးကြပ်မှုကို အလိုအလျောက် လုပ်ဆောင်ပေးခြင်းဖြင့် အစိုးရစာချုပ်များတွင် အကျိုးစီးပွားပဋိပက္ခများ၊ ဘက်လိုက်မှုနှင့် ဈေးနှုန်းအဆမတန် မြှင့်တင်ထားခြင်းများကို ဖော်ထုတ်ရာ၌ ကူညီပေးပါသည်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံသည် ၎င်းတို့နိုင်ငံ၏ အများပြည်သူ ဝယ်ယူရေးကဏ္ဍတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်များကို အထူးသတိပြုနိုင်စေရန်အတွက် ကမ္ဘာ့ဘဏ်၏ Governance Risk Assessment System (GRAS) အား အကောင်အထည်ဖော်ခဲ့ပါသည်။ GRAS သည် ရွေးကောက်ပွဲ စာရင်းများ၊ လူမှုရေးအစီအစဉ်များ၊ လုပ်ခလစာမှတ်တမ်းများနှင့် အမည်ပျက်စာရင်း သွင်းထားသော ကုမ္ပဏီများမှ အများပြည်သူ၏အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး

ပူးပေါင်းကြံစည်မှု၊ မသင့်လျော်သော နိုင်ငံရေးသြဇာလွှမ်းမိုးမှုနှင့် အခြားအန္တရာယ်ရှိသည့် အချက်များကို စစ်ဆေးပေးပါသည်။ GRAS ၏ အချက်လက်အခြေပြု ချဉ်းကပ်မှုက ဘရာဇီးအာဏာပိုင်များအား ပြည်နယ်နှင့် မြို့နယ်အဆင့်နှစ်ခုလုံးတွင် ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသည့် အဂတိလိုက်စားမှုများကို ထောက်လှမ်းစေနိုင် ခဲ့ပါသည်။ ၎င်း၏ ကြိုတင်ခန့်မှန်းနိုင်စွမ်းသည် အစိုးရစာချုပ်များထက် ပိုမိုကျယ်ပြန့်ပြီး အန္တရာယ်များသော ကဏ္ဍများတွင် ပူးပေါင်းကြံစည်သည့် ကွန်ရက်များနှင့် ပုံမှန်မဟုတ်သော သုံးစွဲမှုပုံစံများကို အာဏာပိုင်များက ဖော်ထုတ်နိုင်ရန် ကူညီပေးပါသည်။

## ဥပဒေစိုးမိုးရေးတွင် ကြိုတင်ခန့်မှန်းနိုင်သော ခွဲခြမ်းစိတ်ဖြာမှု

AI သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပြီး ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအရှိဆုံးနေရာများကို ကြိုတင်ခန့်မှန်း နိုင်သော ခွဲခြမ်းစိတ်ဖြာမှုများတွင်လည်း ကူညီဆောင်ရွက်ပေးပါသည်။ အဂတိလိုက်စားမှု ဖြစ်စဉ်များနှင့်ပတ်သက်သည့် သမိုင်းဝင် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် AI Model များသည် လူသားခွဲခြမ်းစိတ်ဖြာသူများ သတိမပြုမိနိုင်သည့် အန္တရာယ်ရှိနိုင်သည့် အချက်များကို ဖော်ထုတ်နိုင်ပါသည်။ ယင်းက ဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုအဖြစ်နိုင်ဆုံးနေရာများတွင် ကူညီရှာဖွေပေးပါသည်။ ဥပမာ အားဖြင့် US Securities and Exchange Commission ၏ Earnings Per Share အစီအစဉ်သည် ဝင်ငွေအလွဲသုံးစားလုပ်ခြင်းကို ညွှန်ပြပေးနိုင်သည့် စာရင်းပြုစုခြင်းနှင့် ပိုင်ဆိုင်မှုထုတ်ဖော်ခြင်းဆိုင်ရာ ချိုးဖောက်မှုများကို ထောက်လှမ်းရန်အတွက် AI ကို အသုံးပြုထားပြီး ဥပဒေစိုးမိုးရေးလုပ်ဆောင်ချက်များကို ဖြစ်ပေါ်စေခဲ့ပါသည်။ အလားတူပင် US Department of Justice (DOJ) သည် AI ကို အသုံးပြု၍ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်းကို ဘိုလီးဗီးယားဝန်ကြီးဟောင်း Arturo Murillo ၏ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော လာဘ်ပေးလာဘ်ယူမှု

ဖြစ်စဉ်တွင် ပါဝင်မှုအတွက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကဲ့သို့သော ပြင်ပအဂတိလိုက်စားမှုဆိုင်ရာ ထင်ရှားသည့် အမှုအခင်းများတွင် အောင်မြင်စွာ အသုံးပြုခဲ့ပါသည်။ AI ကြောင့် မဟုတ်ပါက သတိမမူမိဘဲ ကျော်သွားနိုင်သော်လည်း AI ဖြင့် ငွေကြေးဆိုင်ရာ မှတ်တမ်းများကို ခွဲခြမ်းစိတ်ဖြာ၍ ငွေကြေးဆိုင်ရာ ကွဲလွဲမှုများနှင့် ဆက်နွယ်မှုများကို ဖော်ထုတ်နိုင်ခဲ့ပြီး DOJ သည် ဖလော်ရီဒါ အခြေစိုက် ကုမ္ပဏီတစ်ခုက ဘိုလီးဗီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ဒေါ်လာ ၅.၆ သန်း တန်ဖိုးရှိသည့် ကန်ထရိုက်လုပ်ငန်း တစ်ခုရရှိရေး ကူညီရန်အတွက် လာဘ်ထိုးငွေ ဒေါ်လာ ၅၀၀,၀၀၀ ကျော်ကို ၎င်းကုမ္ပဏီထံမှ Murillo က လက်ခံခဲ့ကြောင်း သက်သေအထောက်အထားကို ရှာဖွေနိုင်ခဲ့ပါသည်။




**Source**

https://www.corruptionwatch.org.za/artificial-intelligence-in-anti- corruption-opportunities-and-challenges/

နန်းမြကြာခြည်

ဒုတိယညွှန်ကြားရေးမှူး

နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

## “ဖိလစ်ပိုင်ငွေ (ပီဆို) ထရီလီယံပေါင်းများစွာ ဆုံးရှုံးမှုက ဖိလစ်ပိုင်သမ္မတ မားကို့စ်အတွက် သမိုင်းဝင် အကြပ်အတည်းကို ဖြစ်စေခဲ့”

ပမာဏ အလွန်များသော အဂတိလိုက်စားမှု အရှုပ်တော်ပုံသည် ပြည်သူများ၏ ဒေါသကို နှိုးဆွခဲ့ပြီး အာဏာသိမ်းမှုဖြစ်စဉ်ကို ဦးတည်စေခဲ့သည်။ သမ္မတ မားကို့စ် ကို မိသားစုဝင်များနှင့် နိုင်ငံရေးပြိုင်ဘက်များအကြား ဗျာများစေခဲ့သည်။

ဖခင်ဖြစ်သူ စစ်အုပ်ချုပ်ရေးကြေညာခဲ့သည့်ကာလ ဆယ်စုနှစ် တစ်ဝက်ခန့် အကြာတွင် သားဖြစ်သူ သမ္မတ ဖာဒီနန်းမားကို့စ် (ဂျူနီယာ) ကလည်း မိမိအကြပ် အတည်းကို မိမိဘာသာ ဖန်တီးယူသကဲ့သို့ ဖြစ်လာနေသည်။ အဂတိလိုက်စားမှု အရှုပ် တော်ပုံ နှင့် အာဏာသိမ်းမှု ကောလာဟလတို့က ဖိလစ်ပိုင်နိုင်ငံသားများကို လမ်းပေါ် ထွက် စုရုံးဆန္ဒပြမှုများကို ဖြစ်ပေါ်စေခဲ့သည်။

တောင်တရုတ်ပင်လယ်၏ မဟာဗျူဟာကျသော နေရာဖြစ်သည့် စကားဘရော့ ကျွန်းကို တရုတ်တို့က ပြန်လည်ထိန်းချုပ်မည်ဆိုသည့် သတင်းကလည်း သမ္မတကို နောက်ထပ်ဖိအားတစ်ခုဖြစ်စေသည်။

“သူ့အတွက် ကြီးမားတဲ့ အကြပ်အတည်းပါ”၊ “ဒါက သူ့ရဲ့သမိုင်းလည်းဖြစ်နိုင် သလို သူ့ရဲ့သမိုင်းကို ဖျက်ဆီးပစ်တာလဲဖြစ်နိုင်တာပဲ”၊ ဟု ဖိလစ်ပိုင်တက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံပညာရှင် ဒေါက်တာ ဂျိန်းဖရန်ကိုက ပြောကြားသည်။

နိုင်ငံအတွင်း ပဋိပက္ခများ ဖြစ်လာရသည့် အဓိက အခြေခံ အကြောင်းအရင်းမှာ ရေလွှမ်းမိုးမှု ထိန်းချုပ်ရေး အစီအမံများတွင် ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများ ကြောင့်သာ ဖြစ်ရသည်။ နှစ်ပေါင်းများစွာကြာအောင် ဖိလစ်ပိုင်ပီဆို ဘီလီပေါင်းများစွာကို အန္တရာယ်ရှိသော ပရော့ဂျက်များ သို့မဟုတ် လိမ်လည်ထားသော ပရော့ဂျက်များတွင် သုံးစွဲထားသည်ကိုတွေ့ရသည်။ သို့ရာတွင် အဆိုပါ ငွေများကို ကန်ထရိုက်တာများ၊ နိုင်ငံရေး သမားများနှင့် အစိုးရအရာရှိများထံသို့ ရောက်ရှိနေသည် ဆိုသည့် တိကျခိုင်မာသည့် အထောက်အထားများ မတွေ့ရပေ။

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အစိုးရ၏ ရေလွှမ်းမိုးမှု ထိန်းချုပ်ရေး စီမံကိန်းများအပေါ် မေးခွန်းထုတ်စရာများ ပေါ်ထွက်လာခဲ့ပြီး ပြည်သူလူထု၏ ဒေါသများ အထွဋ်အထိပ်သို့ ရောက်ခဲ့ရသည်။

ကန်ထရိုက်တာတစ်ဦး၏ ဇနီးဖြစ်သူ ဆိုရှယ်မီဒီယာ ဂုဏ်ထူးဆောင်သူ မိန်းကလေးက အွန်လိုင်းပေါ်တွင် ယင်း၏ သူဌေး ပိုင်ဆိုင်သည့် ရိုးရိုက်ကား အပါအဝင် ဇိမ်ခံကား ၂၈ စီးကို ထုတ်ဖော်ပြခဲ့ပြီး မိမိခိုဝင်ချင်သော အရိပ်တစ်ခုဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့မှုမှ ယခုကဲ့သို့သော ကိစ္စရပ်များ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အထက်လွှတ်တော်အမတ် ဂျင်ဂျိုင်းအက်စတာဒရာက ရုတ်တရက်ချမ်းသာ လာခြင်းဖြစ်သဖြင့် ငြီးငွေ့စရာဟု ထင်ခဲ့ပြီး “ဒါက လုံးဝဒေါသထွက်စရာပါ” ဟု စက်တင်ဘာလ ၂ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အခြားသော ဗွီဒီယိုတစ်ခုတွင်လည်း နိုင်ငံရေးသမားများနှင့် ဆက်နွယ်မှုရှိသည့် ကန်ထရိုက်တာများ၏ သားသမီးများ က ဒီဇိုင်းဆန်း တန်ဖိုးကြီးသော လက်စွဲအိတ်များ အသုံးပြုခြင်းနှင့် နိုင်ငံရပ်ခြား အလည်သွားသည့် အခြေအနေများနှင့် သာမန် ဖိလစ်ပိုင် ပြည်သူများ၏ ဘဝကို နှိုင်းယှဉ်ပြသထားပြန်သည်။ ထိုအထဲမှ ကန်ထရိုက်တစ်ဦး၏ အိမ်ကို ဆန္ဒပြသူများက ဖျက်ဆီးပစ်လိုက်ကြသည်။

စိတ်တူရာစုခဲ့သည့် လူစုကြီးက မနီလာမြို့ပေါ်ရှိ ဖော်ဘီပန်းခြံအပါအဝင် လူချမ်းသာရပ်ကွက်များသို့ စုဝေးလိုက်ကြသဖြင့် အာဏာပိုင်များအတွက် လုံခြုံရေး စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားများနှင့် ဘာသာရေး ကျောင်းများက စုစည်း၍ ဆန္ဒပြရန် ဆောင်ရွက်ကြသည်။ ဖာဒီနန်မားကို့စ်(စီနီယာ)က စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည့် ၅၃ နှစ်မြောက်နေ့ဖြစ်သည့် စက်တင်ဘာ ၂၃ ရက်နေ့တွင် ဆန္ဒပြရန် သတ်မှတ်ခဲ့ကြသည်။

ထိုနေ့တွင် ကျောင်းသားများက ရေဆယ်ပန်းခြံတွင် စုဝေး၍ “Baha sa Luneta” ဆိုသည့် ဆိုင်းဘုတ်များကိုင်စွဲထားကြသည်။ နောက်ပိုင်းတွင် အဖွဲ့အစည်း ၂၀၀ ကျော်က ဆယ်စုနှစ် နှစ်ခုအတွင်း ရေလွှမ်းမိုးမှု ထိန်းချုပ်ရေး အစီအမံများနှင့် သုံးစွဲခဲ့သည့် ငွေများနှင့်စပ်လျဉ်း၍ “ထရီလီယံပေါင်းများစွာ ဆုံးရှုံးခြင်း” ဆိုသည့် ခေါင်းစဉ်ဖြင့် Epifanio de los Santos Avenue (Edsa) ရှိ ပြည်သူ့စွမ်းအား အထိမ်းအမှတ်ပန်းခြံတွင် စုဝေးရန် တိုင်ပင်ခဲ့ကြသည်။

“အဂတိလိုက်စားမှုပမာဏသည် ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးစီမံကိန်း တစ်ခုတည်းအတွက်ပင် ဘီလီယံပေါင်းများစွာရှိခဲ့ပြီး ၎င်းဖြစ်ရပ်များ၏ နောက်ကွယ်တွင်လည်း ပူးပေါင်းကြံစည်မှုများရှိနေသဖြင့် ဆန္ဒပြသူများ အရေအတွက် ပိုမိုတိုးပွားခဲ့သည်” ဟု စီးပွားရေးလောက သတင်းဂျာနယ်ထုတ်ဝေသည့် နိုင်ငံရေး ဝေဖန်သူ ဗာဂယ်ဆန်တိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆန္ဒပြပွဲများသည် သမ္မတမားကို့စ်ကို ဦးတည်ခြင်းမဟုတ်ကြောင်း ဆန္ဒပြပွဲ စီစဉ်သူများက ထုတ်ဖော်ပြောကြားခဲ့သည်။ အက်စတာရှိ စုရုံးပွဲများ၏ ခေါင်းဆောင် တစ်ဦးဖြစ်သူ အဲဘက်ဒီဗိုက “လက်ရှိသမ္မတကိုသာမက လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် စွဲချက်တင်ခံထားရသည့် ယခင်ဖိလစ်ပိုင်သမ္မတဟောင်း ဖြစ်သူ ဒူတာတေးကိုလည်း မရည်ရွယ်ကြောင်း” ထုတ်ဖော်ပြောကြားခဲ့သည်။

သဘောထား ကွဲလွဲမှုများလည်းပေါ်ထွက်လာခဲ့သည်။ ဥပဒေဌာနမှူးဟောင်း ဖြစ်သူ မာဆန်တာမာရီယာက “မိမိအနေဖြင့် ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်မည် ဖြစ်သော်လည်း သမ္မတမားကို့စ်(ဂျူနီယာ) ကိုနှုတ်ထွက်ရန် တောင်းဆိုလိမ့်မည် မဟုတ်ပါ၊ ဘာကြောင့်လဲ ဆိုရင် သမ္မတအနားယူရင် ဒုသမ္မတ ဆာရာဒူတာတေး ကာပီရို သမ္မတဖြစ်လာရင် ပိုဆိုးလိမ့်မယ်” ဟု ယင်း၏ လူမှုကွန်ရက် မီဒီယာပေါ်တွင် တင်ပြခဲ့သည်။

သမ္မတဟောင်း ဒူတာတေး၏ သမီးဖြစ်သူ ဒူတာတေးကာပီရိုက သမ္မတမားကို့စ်ကို လုပ်ကြံသတ်ဖြတ်ရန် လူငှားခဲ့ခြင်း၊ ပညာရေးအတွင်းရေးမှူးအဖြစ်

စွမ်းဆောင်မှု မရှိခြင်း၊ အခွန်ထမ်းများ၏ ဘဏ္ဍာငွေများကို အသုံးပြု၍ နိုင်ငံခြား ခရီးစဉ်များ သွားခြင်း၊ လျှို့ဝှက်ရန်ပုံငွေများ အသုံးပြုခြင်းစသည့် ကိစ္စရပ်များဖြင့် မေးခွန်းထုတ်ခံနေရသူဖြစ်သည်။ သူမနှင့် ဆက်နွယ်သူများက ဒီကိစ္စရပ်များကို ဖန်တီးနေခြင်းဖြစ်သည်။

လက်တွေ့၌ ပွဲစီစဉ်သူများကလည်း ဆန္ဒပြပွဲများတွင် ဒူတာတေးထောက်ခံသူ များ စိမ့်ဝင်လာမည်ကို စိုးရိမ်ကြောင်း သတိပေးခဲ့သည်။ ဒူတာတေး၏ အပေါင်းအပါ ဖြစ်သူ Vic Rodriguez က ၎င်းအနေဖြင့် မနီလာစာတိုက်ရုံးအနီးတွင် ဆန္ဒပြစုဝေးမည် ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သော်လည်း စိတ်ဒုက္ခဖြစ်စရာ ဖြစ်ရပ်များ မတွေ့ရပေ။

လွန်ခဲ့သည့်နှစ်ကလည်း ဒူတာတေး ထောက်ခံသူများသည် အက်စတာ အထိမ်းအမှတ်ပန်းခြံအနီး ပြည်သူ့အာဏာဆိုသည့် ခေါင်းစဉ်ဖြင့် ရက်သတ္တပတ် တစ်ပတ်အကြာ ဆန္ဒပြပွဲပြုလုပ်ခဲ့သည်။ ထိုဆန္ဒပြမှုနောက်ကွယ်တွင် ယခုထက်ပိုသော ရည်ရွယ်ချက်များရှိခဲ့သည်။ ယခုတစ်ပတ်အတွင်း သတင်းများအရ အငြိမ်းစား ဗိုလ်ချုပ်ကြီးများနှင့် ဒူတာတေးထောက်ခံသူ နိုင်ငံရေးအသိုင်းအဝိုင်းများက လက်ရှိစစ်ဗိုလ်ချုပ်ကြီးများကို လွှမ်းမိုးနိုင်ရန် ကြိုးပမ်းခဲ့သည်။

လွန်ခဲ့သည့် စနေနေ့က ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး Secretary Gilberto Teodoro နှင့် စစ်ဦးစီးချုပ် Romeo Brawner က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော၊ တစ်ဖက်သတ်ဝင်ရောက်စွက်ဖက်မှုပြုသော သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်ဖက်သတ်ဝင်ရောက်စွက်ဖက်မှုပြုလုပ်သော အုပ်စုအချို့မှ လက်နက်ကိုင်တပ်ဖွဲ့ များအား ထောက်ပံ့ရန် ကြိုးပမ်းမှုအားလုံးကို ငြင်းပယ်ကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

ထိုအချိန်တွင် လွှတ်တော်အတွင်း၌လည်း မဟာမိတ်ဖွဲ့မှုများ ပြန်လည်ဆောင်ရွက် လျက်ရှိကြောင်းသိရသည်။ စက်တင်ဘာလ ၈ ရက်နေ့တွင်သမ္မတက လွှတ်တော်အတွင်း ဒူတာတေး ထောက်ခံသူများကို ဖယ်ထုတ်ခဲ့ပြီး ဒူတာတေး အားမပေးသူများကို ထည့်သွင်းခဲ့ခြင်းဖြင့် အကျိုးအမြတ်ရရှိခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် သမ္မတ၏ ညီအစ်ကို

ဝမ်းကွဲတော်စပ်သူ မာတင်က ဖိလစ်ပိုင်ဖက်ဒရယ်ပါတီဝင်တစ်ဦးကို လက်ဆောင်ပေးမှုနှင့် စပ်လျဉ်း၍ အောက်လွှတ်တော် ဥက္ကဋ္ဌ ရာထူးမှ နှုတ်ထွက်ခဲ့သည်။

နိုင်ငံအတွင်း အဂတိလိုက်စားမှု အရှုပ်တော်ပုံများနှင့် နိုင်ငံရေးသက်ရောက်မှုများကို ကြုံတွေ့နေရသကဲ့သို့ နိုင်ငံတကာ ဖိအားများကိုလည်း ကြုံတွေ့နေရသည်။ စက်တင်ဘာလ ၁၀ ရက်နေ့တွင် တရုတ်တို့က စကားဘရော့ကျွန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ထိုအချက်သည် စကားဘရော့ကျွန်းကို တရုတ်စစ်တပ်က အပြီးတိုင် သိမ်းယူမည့် အခြေအနေပင် ဖြစ်သည်။

"တရုတ်က လေတပ်စခန်း နဲ့ ရေတပ်တွေကို စကားဘရော့ကျွန်းနားမှာ ချထားဖို့ အချိန်ပြည့်စီစဉ်နေတာပါ။ ဒါမှလည်း တောင်တရုတ်ပင်လယ်ကို ထိန်းချုပ်နိုင်မှာလေ" ဟု အငြိမ်းစား ဖိလစ်ပိုင်တရားရုံးချုပ် တရားသူကြီးနှင့် ရေကြောင်းအခွင့်အရေးဆိုင်ရာ ထောက်ခံသူ အန်တိုနီယို ကာပီယိုက ပြောကြားခဲ့သည်။

ဘေဂျင်း Paracel နှင့် Spratly ကျွန်းစုများတွင် လေကြောင်းနှင့် ရေတပ်စခန်းများ ရှိနှင့်ပြီးဖြစ်သော်လည်း အငြင်းပွားရေလမ်းကြောင်း၏ အရှေ့မြောက်ဘက်တွင် "တစ်ခုမျှ" မရှိကြောင်း Carpio က ပြောကြားခဲ့သည်။

"ဖိလစ်ပိုင်နိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေများကို အသုံးပြု၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင် ဆောင်ရွက်၍ ပြည်တွင်းခွန်အားကို တည်ဆောက်ထားရမည်" "အခုက သတိမမူဘဲဖြစ်နေတာ" ဟုကာပီရိုက ထပ်လောင်း ပြောကြားခဲ့သည်။

တနင်္လာနေ့တွင် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက မားကို့စ်အနေဖြင့် ယခုလအတွင်း UN အစည်းအဝေးတက်ရန် ရှိသဖြင့် UN တွင် ဖိလစ်ပိုင်ပြည်တွင်းရေးကို တင်ပြနိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

သမ္မတက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်အတွက် လွတ်လပ်သော ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းလိုက်ကြောင်း စက်တင်ဘာလ

၁၁ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကတိကဝတ်ပြုခဲ့သည်။

“ယခုကဲ့သို့ ငွေအမြောက်အမြား ခိုးယူမှုကို အံ့ဩမိပါကြောင်းနှင့် သမ္မတသာ မဟုတ်ပါက ဆန္ဒပြသူတွေထဲ ကိုယ်တိုင်ပါဝင်မိမှာပါ” ဟု မားကို့စ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဖရန်ကိုကဲ့သို့သော လေ့လာသုံးသပ်သူများက ယခုကိစ္စရပ်သည် နိုင်ငံရေးပြဇာတ်များထက်ပိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ “ပထမတော့ မယုံခဲ့ဘူး၊ သူ့မိသားစုရဲ့ ပိုင်ဆိုင်မှုတွေကြောင့် သူဒီလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရဲရဲဝံ့ဝံ့လုပ်ရဲလိမ့်မယ် လို့ မယုံကြည်ခဲ့ဖူး” လို့ ဖရန်ကိုက ထုတ်ဖော်ပြောကြားခဲ့သည်။

“လူတွေက မားကို့စ် ဒါကို ဘယ်လို ဘယ်လောက်ကြာကြာ လုပ်မယ်ဆိုတာ စောင့်ကြည့်နေကြတယ်” လို့ထပ်လောင်းပြောကြားခဲ့သည်။

ဆန်တိုကလည်း “မားကို့စ်က သူ့ဖခင် ကျူးလွန်ခဲ့တဲ့ ခိုးယူမှုကို အဖက်ဆယ်နိုင်ဖို့ကြိုးစားလိမ့်မယ်” လို့ပြောကြားခဲ့သည်။

ဝါရင့်နိုင်ငံရေး ဆရာတစ်ဦးဖြစ်သူက “သမ္မတက ကောင်းအောင်လုပ်တာပါ၊ တကယ်တော့ လုပ်ရဲမှာမဟုတ်ဘူး၊ သူ့မိသားစုကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေလည်းရှိတာကိုး” ဟု ထုတ်ဖော်ပြောကြားခဲ့သည်။





My News သတင်းဌာန ၏ ၂၁-၉-၂၀၂၅ သတင်းထုတ်ပြန်ချက်

https://www.scmp.com/week-asia/politics/article/3326145/trillion-peso-turmoil-hands-philippines-marcos-legacy-defining-crisis

သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

*********** ............ **********

**အမေရိကန် အထက်လွှတ်တော်အမတ်ဟောင်း Robert Menendez အား အဂတိလိုက်စားမှု၊ တရားမဝင် နိုင်ငံခြားကိုယ်စားလှယ်ဆောင်ရွက်မှုနှင့် တရားစီရင်ရေး နှောင့်ယှက်မှုများအတွက် ထောင်ဒဏ် ၁၁ နှစ်ချမှတ်**



အမေရိကန်နိုင်ငံ၊ နယူးယောက်ပြည်နယ်၊ တောင်ပိုင်းခရိုင် တရားရုံးက အမေရိကန် အစိုးရရှေ့နေ Danielle R. Sassoon က ၂၉-၁-၂၀၂၅ ရက်နေ့တွင် အမေရိကန် အထက်လွှတ်တော် အမတ်ဟောင်း ROBERT MENENDEZ နှင့် စီးပွားရေး လုပ်ငန်းရှင်၂ ဦး WAEL HANA ၊ FRED DAIBES တို့အား အဂတိလိုက်စားမှု၊ တရားမဝင် ပြည်ပကိုယ်စားလှယ်ပြုလုပ်မှုနှင့် တရားစီရင်ရေး နှောင့်ယှက်မှုများအတွက် ခရိုင်တရားသူကြီး Sidney H. Stein က ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။ အစိုးရရှေ့နေ Danielle R. Sassoon က "ယနေ့ချမှတ်လိုက်သော စီရင်ချက်များသည် အစိုးရ၏ ဥပဒေပြုရေးဌာန အမြင့်ဆုံးအဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရာထူးအာဏာကို

အလွဲသုံးစားပြုလုပ်မှုများအတွက် အရေးယူ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ Robert Menendez သည် နယူးဂျာစီပြည်နယ် ပြည်သူလူထုများက ယုံကြည်မှုရှိသဖြင့် ကိုယ်စားပြုရွေးချယ်ခြင်း ခံခဲ့ရသော်လည်း ၎င်း၏ ရာထူးအာဏာကို အသုံးပြု၍ ငွေကြေး၊ ရွှေနှင့် ဇိမ်ခံကား စသည့်တို့ကို လက်ခံပြီး အဂတိလိုက်စားမှုများကို လုပ်ငန်းရှင်များ၊ ပြည်ပအစိုးရအချို့နှင့် ပူးပေါင်းကြံစည် ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ချမှတ်လိုက်သော ပြစ်ဒဏ်စီရင်မှုများသည် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒနှင့် တရားဥပဒေစိုးမိုးရေးများကို ဖောက်ဖျက်ရန် ကြိုးပမ်းပါက မည်သည့်အစိုးရ အဆင့်တွင် တာဝန်ထမ်းဆောင်နေသူ မည်သူမဆို တရားမျှတသော အရေးယူ အပြစ်ပေးခြင်းမျိုးကို ခံရမည်ဟူသော ရှင်းလင်းပြတ်သားသည့် သတင်းစကားကို ပေးအပ်ခြင်းမျိုး ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

## တံစိုးလက်ဆောင်များလက်ခံခြင်း

၂၀၁၈ ခုနှစ်တွင် Menendez သည် ဇနီးဖြစ်သူ Nadine Menendez ၏ ချိတ်ဆက်ပေးမှုအရ သူမသူငယ်ချင်း အီဂျစ်နွယ်ဖွား WAEL HANA နှင့်ရင်းနှီးခဲ့သည်။ HANA သည် အီဂျစ်အရာရှိများနှင့် ခင်မင်ရင်းနှီးသည့် နယူးဂျာစီမှ စီးပွားရေး သမားတစ်ဦးဖြစ်သည်။ HANA သည် Menendez အား ကာလရှည်ကြာစွာ အားပေး ထောက်ခံ အထောက်အပံ့ပြုပေးသည့် အိမ်ခြံမြေလုပ်ငန်းရှင် FRED DAIBES နှင့်လည်း စီးပွားရေးလုပ်ဖော်ကိုင်ဖက် ဖြစ်သည်။

၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း Menendez နှင့် ၎င်း၏ဇနီးတို့သည် HANA၊ Daibes နှင့် Jose Uribe (အာမခံနှင့် ထရပ်ကားလုပ်ငန်းရှင်)တို့ထံမှ ရွှေ၊ ငွေကြေး၊ ဇိမ်ခံကား၊ အိမ်နှင့် အခြားအဖိုးတန်ပစ္စည်းများ ပါဝင်သော ဒေါ်လာ ရာပေါင်းများစွာ တန်ဖိုးရှိ ပစ္စည်းများကို သဘောတူညီလက်ခံ ရယူခဲ့သည်။

## ရှာဖွေသိမ်းဆည်းနိုင်ခဲ့မှု

၂၀၂၂ ခုနှစ်၊ ဇွန်လတွင် FBI မှ Menendez နေအိမ်အား ရှာဖွေခဲ့ရာ၌ အဂတိလိုက်စားမှု ကျူးလွန်ပြီး လက်ခံထားရှိသည့် သက်သေခံပစ္စည်းများစွာကို တွေ့ရှိခဲ့သည်။အမေရိကန်ဒေါ်လာ ၄၈၀,၀၀၀ ကျော်ကို စာအိတ်များအတွင်း ထည့်သွင်း၍ အဝတ်အစားဗီရိုနှင့် မီးခံသေတ္တာများအတွင်း သိုဝှက်ထားသည်ကို တွေ့ရှိခဲ့ခြင်း၊ အမေရိကန်ဒေါ်လာ တစ်သိန်းကျော် တန်ဖိုးရှိသော ရွှေတုံးများကို တွေ့ရှိခဲ့ခြင်း၊ Uribe (အာမခံနှင့် ထရပ်ကားလုပ်ငန်းရှင်) မှ ပေးအပ်ထားသော ဇိမ်ခံကား တစ်စီးကို ကားဂိုဒေါင်တွင် တွေ့ရှိခဲ့ခြင်းတို့ဖြစ်သည်။




## လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခဲ့မှု



Menendez သည် အထက်လွှတ်တော်အမတ်ရာထူးအာဏာကို အသုံးပြု၍ ပြစ်မှုများကို ကျူးလွန်ခဲ့သည်။ **အီဂျစ်အစိုးရနှင့် Hana အကျိုးအတွက် ဆောင်ရွက်ခဲ့မှု**။ အီဂျစ်နိုင်ငံမှ ကိုယ်စားလှယ် ရရှိထားသော Hana ၏ အသားတင်သွင်း၊ တင်ပို့မှု ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းကို အကျိုးဖြစ်ထွန်းစေရန်အတွက် အမေရိကန် စိုက်ပျိုးရေးဌာန (USDA) မှ အရာရှိတစ်ဦးအား ဖိအားပေးရန် ကြိုးပမ်းခဲ့ခြင်း၊ အီဂျစ်နိုင်ငံ အကျိုးစီးပွားကို လျှို့ဝှက်ကိုယ်စားပြုမှုအနေဖြင့် ၎င်း၏လွှတ်တော် ကိုယ်စားလှယ် မိတ်ဆွေများထံ ပေးပို့ရမည့် အီဂျစ်နိုင်ငံအတွက် စာတစ်စောင်ကို ကိုယ်တိုင်ရေးသားပေးခဲ့ခြင်း၊ အမေရိကန်အစိုးရ

လျှို့ဝှက်သတင်းအချက်အလက်များကို အီဂျစ်အရာရှိများအား ပေးပို့ခဲ့ခြင်း (ဥပမာ-ကိုင်ရိုမြို့ရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းအရေအတွက်နှင့် နိုင်ငံသားဆိုင်ရာ အချက်အလက်များကို ဇနီးမှတစ်ဆင့် Hana သို့ လည်းကောင်း၊ Hana မှ အီဂျစ်အရာရှိများထံ ထပ်ဆင့် ပေးပို့ခဲ့သည်။)၊ အီဂျစ်နိုင်ငံသို့ စစ်လက်နက် ပစ္စည်းရောင်းချမှုနှင့် ငွေကြေး ထောက်ပံ့မှုများကို အတည်ပြုရန် လက်မထောင်သည့် သတင်းစကား ပြန်လည်လက်ခံရရှိမှု သင်္ကေတ (emoji) ပေးပို့ခြင်း၊ Hana ၏ ကုမ္ပဏီသည် အသားတင်ပို့မှု လုပ်ငန်းလုပ်ပိုင်ခွင့် ရရှိပြီးနောက် Nadine Menendez ၏ အိမ်ဖိုးငွေ ဒေါ်လာ ၂၃,၀၀၀ ခန့်ကို ပေးချေပေးခဲ့သည်။



**Uribe ပြစ်မှုများ စုံစမ်းစစ်ဆေးမှုကို ဖိအားပေးကြိုးပမ်းခြင်း။** Menendez သည် Uribe အပေါ် နယူးဂျာစီရှေ့နေချုပ်ရုံး (NJAG)က စစ်ဆေးနေသည့် ရာဇဝတ်မှုများကို ဝင်ရောက်ဖိအားပေး ကူညီသည့် အနေဖြင့် နယူးဂျာစီရှေ့နေချုပ်ကို အနည်းဆုံး ၂ ကြိမ် ဆက်သွယ်ကာ Uribe အပေါ်စွဲ ဆိုထားသော ပြစ်မှုများအား ဖြေလျှော့ဖြေရှင်းပေးရန် ပြောဆိုခဲ့သည်။



**ကာတာအစိုးရနှင့် Daibes အကျိုးအတွက် ဆောင်ရွက်ခဲ့မှု။** Menendez သည်Daibes အပေါ် ပြည်ထောင်စုမှ စွဲဆိုထားသော ပြစ်မှုစွဲချက်များကို ဖိအားပေးကူညီနိုင်ရန် ၎င်းယုံကြည်ရသော ပုဂ္ဂိုလ် တစ်ဦးအား နယူးဂျာစီ ခရိုင်ဥပဒေအရာရှိအဖြစ် ခန့်အပ်ရန် သမ္မတအား အကြံပြုဆောင်ရွက်ပြီး Menendez သည် ကာတာအစိုးရနှင့် ဆက်စပ်နေသော

စီးပွားရေးလုပ်ငန်းများတွင် Daibes အား ဒေါ်လာသန်း ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုပြုစေ၍ အကျိုးဖြစ်ထွန်းစေခဲ့သည်။

**တရားစီရင်ရေးအတွင်း နှောင့်ယှက်ပူးပေါင်းကြံစည်မှု။** ၂၀၂၂ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုများ စတင်ပြီးနောက် Menendez နှင့် ဇနီးဖြစ်သူသည် တံစိုးလက်ဆောင်အဖြစ် လက်ခံထားသော ငွေကြေးများကို ပြန်လည်ပေးအပ်ရန် ကြိုးပမ်းခဲ့ကြပြီး ထွက်ဆိုချက်များတွင် ထိုငွေများကို ချေးငွေများအဖြစ် လိမ်လည်တင်ပြ၍ Menendez သည် ရှေ့နေများမှတစ်ဆင့် အိမ်၊ ကား ပေးချေမှုများ၊ ၂၀၂၂ ခုနှစ် စစ်ဆေးမှုများ မသိရှိကြောင်း လိမ်လည် ပြောဆိုစေခဲ့သည်။

## ပြစ်ဒဏ်စီရင်ချက်များ

အဂတိလိုက်စားမှု၊ တရားမဝင် ပြည်ပကိုယ်စားလှယ်ပြုလုပ်မှုနှင့် တရားစီရင်ရေးနှောင့်ယှက်မှုများအတွက် ခရိုင်တရားသူကြီး Sidney H. Stein က ROBERT MENENDEZ ကို ထောင်ဒဏ် ၁၁ နှစ် နှင့် အမေရိကန်ဒေါ်လာ ၉၂၂,၁၁၈ ကို နိုင်ငံတော်ပိုင် သိမ်းဆည်းရန်အတွက်လည်းကောင်း၊ WAEL HANA ကို ထောင်ဒဏ် ၈ နှစ် ၁ လနှင့် ငွေဒဏ် အမေရိကန်ဒေါ်လာ ၁,၂၅၀,၀၀၀ ကိုလည်းကောင်း၊ FRED DAIBES ကို ထောင်ဒဏ် ၇ နှစ် နှင့် ငွေဒဏ် အမေရိကန် ဒေါ်လာ ၁,၇၅၀,၀၀၀ ကိုလည်းကောင်း အသီးသီးချမှတ်ခဲ့သည်။

**Source**

[https://www.justice.gov/usao-sdny/pr/former-us-senator-robert-menendez-sentenced-11-years-prison-bribery-foreign-agent-and](https://www.justice.gov/usao-sdny/pr/former-us-senator-robert-menendez-sentenced-11-years-prison-bribery-foreign-agent-and)

ဦးမျိုးမင်းထက်
လက်ထောက်ညွှန်ကြားရေးမှူး
စုံစမ်းစစ်ဆေးရေးဦးစီးဌာန

***********............**********

## အမေရိကန်လွှတ်တော်အမတ်ဟောင်း Robert Menendez ၏ ဇနီး လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ် ၄ နှစ်ကျော် ချမှတ်ခံရ

အမေရိကန်လွှတ်တော်အမတ်ဟောင်း Robert Menendez ၏ ဇနီး Nadine Menendez သည် သူမ၏ခင်ပွန်း က ငွေထုပ်များ၊ ရွှေချောင်းများနှင့် Mercedes-Benz ကားအပါအဝင် တံစိုးလက်ဆောင်များရယူရာတွင် ကူညီခဲ့သည်ဆိုသောအမှုတွင် ထောင်ဒဏ် ၄ နှစ်နှင့် ခြောက်လ ချမှတ်ခံရသည်။

၎င်းအမှုတွင် Nadine သည် သူမ၏ခင်ပွန်းနှင့် အီဂျစ်အရာရှိများအကြား ဆက်သွယ်မှုများပြုလုပ်ပေးခြင်း၊ သတင်းပေးပို့ခြင်း၊ အစည်းအဝေးများစီစဉ်ပေးခြင်း စသည်ဖြင့် တဆင့်အဖြစ် ပါဝင်နေသည်ကို တွေ့ရှိရသဖြင့် Nadine Menendez (အသက် ၅၈) ကို ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် လာဘ်ပေးလာဘ်ယူမှု အပါအဝင်စွဲချက် ၁၅ ချက် အတွက် တရားသူကြီးများက အပြစ်ချမှတ်ခဲ့သည်။

"ငါ့အသက်ကို သူ့လက်ထဲမှာ ထည့်ထားခဲ့ပြီး သူက ရုပ်သေးရုပ်လို ကြိုးကိုင်ခဲ့တယ်။"ဟု သူမကို ပြစ်ဒဏ် မချမီ ကြားသပတေးနေ့တွင် တရားသူကြီးရှေ့၌ ငိုကြွေး၍ ပြောကြားခဲ့သည်။

သူမ၏ခင်ပွန်းသည် လာဘ်ပေးလာဘ်ယူမှုအား ပြီးခဲ့တဲ့နှစ်က ကျူးလွန်ခဲ့ခြင်း ဖြစ်ပြီး ထိုအမှုဖြင့် ထောင် ၁၁ နှစ် ပြစ်ဒဏ်ကျခဲ့ရာ နိုင်ငံရေးကျဆုံးမှုလည်း ဖြစ်သည်။ ထိုဇာတ်လမ်းတွင် သူမသည် မရှိမဖြစ် ဖြစ်ကြောင်း အစိုးရရှေ့နေမှ ထုတ်ဖော်ပြောကြားခဲ့သည်။ ကြာသပတေးနေ့မနက် တရားသူကြီးရှေ့တွင် "အခုတော့ ကျွန်မသိပါပြီ သူက ကျွန်မဘဝကိုကယ်တင်မယ့်သူမဟုတ်ဘူး။ ကျွန်မထင်ထားသလို သူက မကောင်းတဲ့လူဖြစ်နေခဲ့တယ်။” ဟု ပြောကြားခဲ့သည်ဟု NY နေ့စဉ်သတင်းစာ သတင်းထောက်တစ်ဦးမှ X တွင် ပို့စ်တင်ခဲ့သည်။

“သူက ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးနိုင်ငံရဲ့ အာဏာအရှိဆုံးလူတွေထဲက တစ်ယောက်ဖြစ်တာကြောင့် လမ်းမှားကို ညွှန်ပေးမယ့်သူ ဒါမှမဟုတ် တရားမဝင်အလုပ်တွေ လုပ်စေနိုင်မှာ မဟုတ်ဘူးလို့ ထင်ခဲ့မိတယ်။"

ပြစ်မှုကျူးလွန်ချိန်မှာ Robert Menendez သည် အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားရေး ကော်မတီ၏ ရာထူးအကြီးဆုံးအဖွဲ့ဝင်ဖြစ်ခဲ့သဖြင့် အမေရိကန်နိုင်ငံခြားရေးမူဝါဒများပေါ်တွင် အလွန် အာဏာရှိသောသူ ဖြစ်ခဲ့သည်။

ဝါရှင်တန်၌ ၎င်းတို့ဇနီးမောင်နှံသည် ခင်ပွန်း၏တာဝန်ကိုအလွဲသုံးစားပြု၍ သူ၏အဖော်နှစ်ဦးသည် အီဂျစ်အစိုးရ၏အကျိုးစီးပွားများကို လျှို့ဝှက်စွာ ကူညီပေးခဲ့သည်ဟု အစိုးရရှေ့နေက ပြောကြားခဲ့သည်။



ခရိုင်တရားသူကြီး Sidney H Stein သည် ထောင်ဒဏ်အား အလားတူပြစ်မှုများ ကျူးလွန်နိုင်သူများအတွက် ထိရောက်ဟန့်တားနိုင်သောကြောင့် အရေးပါကြောင်း ပြောကြားပြီး သူမကို ထောင် ၅၄ လ ချမှတ်ခဲ့ခြင်း ဖြစ်သည်။ “အကျိုးဆက်ကို လူတိုင်း နားလည်ဖို့လိုတယ်” ဟု တရားသူကြီး Stein က ပြောကြားခဲ့သည်။ ဇူလိုင်လ ၁၀ ရက်၊ နောက်နှစ်နွေရာသီ မတိုင်မီထိ သူမ၏ ပြစ်ဒဏ်ကို စတင်ခံစားစေမှာ မဟုတ်ကြောင်း တရားသူကြီးမှ ဆုံးဖြတ်ခဲ့သည်။ ဒါကြောင့် သူမသည် ထောင်မကျမီ လိုအပ်သော ဆေးဝါးကုသမှုများကို ပြီးဆုံးနိုင်မည်ဟု Associated Press က ဖော်ပြထားသည်။

Nadine Menendez သည် စွဲချက်တင်ပြီးနောက် ရင်သားကင်ဆာရောဂါ ခံစားနေရကြောင်း သိရှိခဲ့ရသည်။ ထိုကြောင့် ခွဲစိတ်ကုသမှု ခံယူပြီးနောက် သူမ၏ ခင်ပွန်းထက်နောက်ကျမှ တရားရင်ဆိုင်ရခြင်းဖြစ်သည်။ Nadine သည် တရားရုံးချိန်းများ၌ မျက်နှာဖုံး (mask) နှင့် ရင်သားကင်ဆာ အသိပညာမြှင့်တင်ရန်အတွက် ရင်ထိုးတို့အား တပ်ဆင်ထားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ၎င်းတို့ဇနီးမောင်နှံ၏ နယူးဂျာစီမှ နေအိမ်အား FBI က ရှာဖွေခဲ့ရာ ဒေါ်လာ ၁၀၀,၀၀၀ (ယူရို ၈၀,၀၀၀) တန်ဖိုးရှိ ရွှေချောင်းများနှင့် စာအိတ်များ (သို့) အဝတ်အထည်များထဲ၌ ဝှက်ထားသည့် သိန်းပေါင်း များစွာသော ငွေသားများကို တွေ့ရှိခဲ့ပါသည်။

"ရွှေတစ်ကီလို ဘယ်လောက်တန်လဲ" ဟု Robert Menendez ၏ Google ရှာဖွေမှုတစ်ခုကဲ့သို့သော ၎င်းတို့ ဇနီးမောင်နှံနှင့် ၎င်းတို့နှင့်သက်ဆိုင်သူများအကြား ပေးပို့ခဲ့သည့် စာတိုပေးပို့မှုများစသည့် သက်သေ အထောက်အထားများကို အစိုးရ ရှေ့နေများက ဂျူရီများထံ တင်ပြခဲ့သည်။

နယူးဂျာစီမြို့နေ အိမ်/ခြံ/မြေအကျိုးဆောင်တစ်ဦးဖြစ်သည့် Fred Daibes နှင့် အီဂျစ်နွယ်ဖွား ဟလာလ် လက်မှတ်ရ ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သည့် Wael Hana တို့ကိုလည်း ၎င်းတို့၏ ကျူးလွန်မှုများအတွက် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ မတ်လတွင် အာမခံပွဲစား Jose Uribe သည် အဆိုပါအမှုနှင့် ဆက်နွယ်သော စွဲချက်များအတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

**Source**

https://www.bbc.com/news/articles/c5yj6zn22n5o

ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ
စုံစမ်းစစ်ဆေးရေးဦးစီးဌာန

***********............**********

## တောင်ကိုရီးယား ဘာသာရေးအဖွဲ့နှင့် နိုင်ငံတော်အကြား အဂတိလိုက်စားမှုတွင် သမ္မတဟောင်း ယွန်း၏ မဟာမိတ် ကွမ်ဆောင်ဒုန် ဖမ်းဆီးခံရ

တရားစွဲဆိုခံထားရသည့် သမ္မတဟောင်း ယွန်းဆော့ခ်ယောလ်၏ မဟာမိတ်တစ်ဦးဖြစ်သူသည် Unification Church ဘာသာရေးအဖွဲ့နှင့်ပတ်သက်သည့် အရှုပ်တော်ပုံတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ယင်းမှာ ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသော ပါလီမန်အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရခြင်း ဖြစ်သည်။

လွတ်လပ်သော အစိုးရရှေ့နေများ၏ စုံစမ်းစစ်ဆေးမှု သမိုင်းတစ်လျှောက် ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးနှင့် ဘာသာရေးအသိုင်းအဝိုင်းကို အကြီးအကျယ် တုန်လှုပ်စေခဲ့သည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော လွှတ်တော်အမတ်တစ်ဦး ဖမ်းဆီးခံခဲ့ရသည်။



ကွန်ဆာဗေးတစ် ပြည်သူ့စွမ်းအား ပါတီ (People Power Party) ၏ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးနှင့် စွပ်စွဲခံထားရသည့် သမ္မတဟောင်း ယွန်းဆော့ခ်ယောလ်၏ လူယုံ ကွမ်ဆောင်ဒုန်အား Unification Church ထံမှ တရားမဝင် ရန်ပုံငွေများ လက်ခံရယူခဲ့သည့် စွဲချက်များဖြင့် ဖမ်းဆီး ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

ငါးကြိမ်ဆက်တိုက် ရွေးကောက်ခံခဲ့ရသည့် လွှတ်တော်အမတ်နှင့် လွှတ်တော်တွင်း ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သည့် ကွမ်ဆောင်ဒုန်သည် သက်သေအထောက်အထားများ ဖျက်ဆီးပစ်နိုင်သည်ကို စိုးရိမ်ရသည့်အတွက် ဆိုးလ်ဗဟိုခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ပေးခဲ့ပြီးနောက် အင်္ဂါနေ့တွင် ၎င်းအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။




၎င်း၏ ဖမ်းဆီးခံရမှုသည် သမ္မတဟောင်း ယွန်း နှင့် ဇနီးဖြစ်သူ ကင်ကွန်းဟီး တို့နှင့် ပတ်သက်နေသည့် ရှုပ်ထွေးသော အရှုပ်တော်ပုံများကို ဖော်ထုတ်ရန် တာဝန်ပေးခံထားရသည့် လွတ်လပ်သော အထူးစုံစမ်းစစ်ဆေးရေးမှူးအတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ်အဖြစ် ဂုဏ်ပြုခံနေရသည်။

၁၉၉၉ ခုနှစ်တွင် တောင်ကိုရီးယား၌ အထူးစုံစမ်းစစ်ဆေးရေးမှူးစနစ် စတင်ကျင့်သုံးခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့ လွှတ်တော်အမတ်တစ်ဦး ဖမ်းဆီးခံရခြင်းမှာ မရှိခဲ့ဖူးပေ။ ဤဖြစ်ရပ်သည် ဘာသာရေးအကျိုးစီးပွားနှင့် နိုင်ငံရေး အာဏာတို့အကြား ပူးပေါင်းကြံစည်မှု သက်သေများ တိုးလာနေချိန်တွင် နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန် ကြိုးပမ်းမှုအတွက် အရေးပါသော အပြောင်းအလဲတစ်ခု ဖြစ်လာသည်။

ယခုအခါ ကွမ်ဆောင်ဒုန်သည် ဆိုးလ်အကျဉ်းစခန်းတွင် ထိန်းသိမ်းခံထားရပြီး ထိုနေရာတွင် သမ္မတဟောင်းယွန်း ကိုယ်တိုင်လည်း အကျဉ်းကျနေသည်။ အစိုးရရှေ့နေများသည် သမ္မတဟောင်းဇနီးမောင်နှံနှင့် Unification Church အကြား လျှို့ဝှက်ငွေပေးငွေယူမှုများကို ပိုမိုအရှိန်မြှင့် စုံစမ်းစစ်ဆေးသွားဖွယ်ရှိသည်။

အစိုးရရှေ့နေများ၏ အတိအလင်းစွပ်စွဲချက်အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဘာသာရေးအဖွဲ့၏ ဒုတိယခေါင်းဆောင်ဖြစ်သူ ယွန်းယောင်ဟိုသည် ကွမ်ဆောင်ဒုန်ထံသို့ စည်းရုံးလှုံ့ဆော်သည့်အနေဖြင့် ရန်ပုံငွေ ဝမ်ငွေ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၈၄,၀၀၀) ပေးအပ်ခဲ့သည်ဟု ဆိုသည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကွမ်ဆောင်ဒုန်သည် အဆိုပါဘာသာရေးအဖွဲ့၏ ဌာနချုပ်သို့ သွားရောက်ခဲ့ပြီး အဖွဲ့၏ အသက် ၈၀ ကျော်အရွယ် ခေါင်းဆောင်ဖြစ်သူ ဟန်ဟက်ဂျာက ယွန်း၏ သမ္မတဖြစ်ရေးအတွက် ပံ့ပိုးကူညီမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်သည်ဟု ကာလရှည်ကြာ စွပ်စွဲခံနေရသော အဆိုပါ ဘာသာရေးအဖွဲ့ကမူ မှားယွင်းပြုလုပ်မှုတစ်စုံတစ်ရာ မရှိကြောင်း ပြင်းထန်စွာ ငြင်းဆိုထားသည်။

ဗုဒ္ဓဟူးနေ့တွင် စစ်ဆေးမေးမြန်းမှုအတွက် ရောက်ရှိလာခဲ့သည့် ဘာသာရေး ခေါင်းဆောင် ဟန်ဟက်ဂျာက "နောက်မှတွေ့ပြီး စကားပြောကြတာပေါ့" ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။ သူသည် အားနည်းနေပုံရပြီး လက်ထောက် တစ်ဦး၏ အကူအညီဖြင့် သွားလာနေရသည်။ ကျန်းမာရေးမကောင်းသောကြောင့် ယခင်ဆင့်ခေါ်မှုများကို လာရောက်နိုင်ခြင်း မရှိဟု သူကဆိုသည်။

**သြဇာအာဏာအလွဲသုံးစားလုပ်မှု**

အစိုးရရှေ့နေများက သမ္မတဟောင်းယွန်း ရွေးကောက်တင်မြှောက်ခံရပြီး နောက် Unification Church သည် ကင်ကွန်းဟီးအား သူမ၏ အသိုင်းအဝိုင်းထဲမှ ဗေဒင်ဆရာမတစ်ဦးမှတစ်ဆင့် ဝမ်ငွေ ၆၂ သန်းတန်ဖိုးရှိ Graff လည်ဆွဲ၊ Chanel လက်ကိုင်အိတ်နှင့် အရည်အသွေးမြင့် ဂျင်ဆင်း ကဲ့သို့သော အလွန်တန်ဖိုးကြီး လက်ဆောင်များ ပေးအပ်ခဲ့သည်ဟု ထပ်မံစွပ်စွဲထားသည်။

ကင်ကွန်းဟီးနှင့် အဆိုပါပစ္စည်းများကို လက်ခံရရှိခြင်းမရှိဟု ငြင်းဆိုထားသည့် ဗေဒင်ဆရာမတို့ နှစ်ဦးစလုံးသည် အခြားသော အဂတိလိုက်စားမှု စွဲချက်များ ဖြင့် လက်ရှိတွင်ထိန်းသိမ်းခံထားရသည်။

၂၀၂၃ ခုနှစ် အာဏာရပါတီခေါင်းဆောင် ရွေးချယ်ပွဲတွင် ကွမ်ဆောင်ဒုန်အား ထောက်ခံရန်အတွက် ဘာသာရေးအဖွဲ့ဝင်များကို စည်းရုံးပေးရန် ကင်ကွန်းဟီးက တိုက်တွန်းခဲ့သည့် ကြိုးပမ်းမှုများကိုလည်း စုံစမ်းစစ်ဆေးမှုများက ဖော်ထုတ်တွေ့ရှိ ခဲ့သည်။ ကွမ်ဆောင်ဒုန်သည် ခေါင်းဆောင်ရွေးချယ်ပွဲမှ နောက်ပိုင်းတွင် နုတ်ထွက် ခဲ့သည်။

ယင်းသို့ ကူညီမှုများအတွက် အပြန်အလှန်အားဖြင့် အဆိုပါဘာသာရေး အဖွဲ့သည် ၎င်းတို့၏ တောင်ကိုရီးယားနိုင်ငံနှင့် ပြည်ပစီမံကိန်းများအတွက် ဘတ်ဂျက်

ခွဲဝေပေးမှုများနှင့် ရာထူးခန့်အပ်မှုများတွင် အစိုးရ၏ ပံ့ပိုးကူညီမှုကို ရယူရန် ကြိုးပမ်းခဲ့သည်ဟု အစိုးရရှေ့နေများက ဆိုသည်။

၂၀၀၉ ခုနှစ်တွင် နိုင်ငံရေးလောကသို့ မဝင်ရောက်မီ ၁၃ နှစ်ကြာ အစိုးရရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ပြီး ယွန်းနှင့် လုပ်ငန်းအတွေ့အကြုံ တူညီသော ကွမ်ဆောင်ဒုန်ကမူ Unification Church မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့သည်ကို ဝန်ခံသော်လည်း "မလျော်ကန်သော လွှဲပြောင်းမှုများ မရှိခဲ့" ဟု ဆိုကာ တရားမဝင်လုပ်ရပ်များကို ပြတ်ပြတ်သားသား ငြင်းဆိုထားသည်။

ဖမ်းဆီးမခံရမီတွင် သူသည် နိုင်ငံရေးအရ လှုံ့ဆော်မှုများကြောင့် ပစ်မှတ်ထားခံနေရခြင်းဖြစ်ပြီး တရားရုံးက ဖမ်းဝရမ်းကို ပယ်ချလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

သို့သော် အထူးစုံစမ်းစစ်ဆေးရေးမှူးရုံးက တရားရုံးသို့ တင်ပြချက်တွင် "နိုင်ငံတော်ကိစ္စရပ်များကို ခြယ်လှယ်ခြင်း၊ ရွေးကောက်ပွဲများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ညွှန်ကြားချက်များကို နှောင့်ယှက်ခြင်းများ နိုင်ငံရေးအာဏာနှင့် ဘာသာရေးအဖွဲ့အစည်းတို့ ပူးပေါင်းကြံစည်ခဲ့သည်” ဟု ဖော်ပြထားသည်။

ထိုအချိန်မှာပင် Unification Church သည် အဖွဲ့ကို တည်ထောင်သူ မုဆိုးမဟန် အတွက် ဆုတောင်းပွဲပြုလုပ်ရန်ဟူသော တရားဝင်အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ဂါဖြောင်း (Gapyeong) ဝင်းအတွင်းသို့ တောင်ကိုရီးယားနှင့်ပြည်ပမှ အကြီးတန်းပုဂ္ဂိုလ် ၁,၀၀၀ ကျော်ကို တစ်ပတ်ကြာ စုဝေးစေခဲ့သည်။ သို့သော် ဝေဖန်သူများကမူ ဤစုဝေးပွဲသည် ရည်ရွယ်ချက်ရှိရှိဖြင့် ပမာမခန့်ပြုလုပ်ခြင်း ဖြစ်သည်ဟု သုံးသပ်ကြသည်။

ကိုရီးယားခရစ်ယာန် အယူမှားမှုဆိုင်ရာ အကြံပေးအသင်း (Korea Christian Heresy Counselling Association) ၏ ဥက္ကဋ္ဌဖြစ်သူ သင်းအုပ်ဆရာ ဂျင်ယောင်စစ်က This Week in Asia သို့ ပြောကြားရာတွင် "ဒီစုဝေးပွဲဟာ ဘာသာရေးလွတ်လပ်ခွင့်

ချိုးဖောက်မှုအဖြစ် သက်သေပြနေပြီး စုံစမ်းစစ်ဆေးသူတွေကို ဖိအားပေးတဲ့ပရိယာယ် တစ်ခုဟု ဆိုသည်။

"ဒီအမှုက ငွေနဲ့မဲအတွက် ဩဇာအာဏာနဲ့ လဲလှယ်ပြီး အစွန်းရောက် ဘာသာရေးအဖွဲ့တွေနဲ့ ပူးပေါင်းကြံစည်တဲ့ နိုင်ငံရေးသမားတွေအတွက် သတိပေးသံ ဖြစ်လာစေဖို့ မျှော်လင့်ပါတယ်။"

**Source**

https://www.scmp.com/topics/corruption-asia

ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********..........**********

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုက ၁၉ မီလီယံကျော်တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့**

မာလာဝီသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုက ၁၉ မီလီယံ ကျော်ခန့် တန်ဖိုးရှိသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သည့် မီးစက်၊ လယ်ထွန်စက်နှင့် စက်ထယ်သွား ၃ ခုတို့အား ထိန်းသိမ်းနိုင်ခဲ့ပြီး အစိုးရသို့ တင်ပြနိုင် ခဲ့သည်။

အဆိုပါ ပစ္စည်းများသည် ဆာလီမာသကြားကုန်ပစ္စည်းဘုတ်အဖွဲ့ အဖွဲ့ဝင် ဟင်နရီနဂျိုလိုမာ အပေါ် အေစီဘီ ညွှန်ကြားရေးမှူးမှ စွဲဆိုထားသည့် အမှုတွဲအမှတ် vMF290 လေဘီးလယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်း (၄) မျိုး၊ စုစုပေါင်း (၅) မျိုးတို့ကို ထိန်းသိမ်းခြင်း အမိန့်၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သည်။ ထိုအမိန့်၌ လယ်ထွန်စက် (၂) စီးပါဝင်ခဲ့ရာတွင် တစ်စီး၏ တည်နေရာကို အတည်မပြုနိုင်သော်လည်း စုံစမ်းစစ်ဆေးမှု များ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိန်းသိမ်းခဲ့သော ပစ္စည်းများသည် နဂျိုလိုမာက ဆာလီမာ သကြားကုမ္ပဏီ လီမိတက်၏ ဘဏ္ဍာရန်ပုံငွေများကို အသုံးပြု၍ ကုမ္ပဏီလုပ်ငန်းများအတွက်မဟုတ်ဘဲ ၎င်းကိုယ်ကျိုးအတွက် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အေစီဘီအနေဖြင့် အများပြည်သူဆိုင်ရာ အရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုပြည့်ဝစွာဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**Source**

Anti-Corruption Bureau , Malawi ၏ ၁၅-၉-၂၀၂၅ သတင်းထုတ်ပြန်ချက်

ဒေါ်သက်နှင်းစု

ဦးစီးအရာရှိ

စုံစမ်းစစ်ဆေးရေးဦးစီးဌာန

***********............**********

## လိမ်လည်သူတွေဟာ သန်းပေါင်းများစွာသောငွေတွေကို ခိုးယူဖို့အတွက် လူမှုကွန်ရက်၊ ဆော့ဖ်ဝဲလ်နဲ့ ခံစစ်ကုမ္ပဏီတွေကို ဘယ်လိုအသုံးပြုလဲ

ယနေ့ခေတ်လိမ်လည်မှုများ၏ အဓိကအချက်များသည် call center များပင်ဖြစ်ပါသည်။ call center များတွင် ခေတ်မီသည့် ရုံးခန်းများထားရှိပြီး ဘာသာစကားမျိုးစုံပြောနိုင်သည့် ဝန်ထမ်းများနှင့် ဆောင်ရွက်နေကြပါသည်။ ထိုသူတို့သည် ကမ္ဘာတစ်ဝန်းကနေလူအများကိုအယုံသွင်းပြီး အတုအယောင် ရင်းနှီးမြှုပ်နှံမှုတွေထဲမှ ငွေထည့်ဝင်ဖို့ရန်အတွက် တစ်နေ့လုံးကြိုးစားနေကြပါသည်။ သို့ပေမဲ့ ဒီ call center တွေက တစ်သီးတခြား ရပ်တည်နေတာမျိုးမဟုတ်ပါဘူး။ ထိုသူတို့က လိမ်လည်မှုအဆင့်တိုင်းကို ဝန်ဆောင်မှုပေးသူတွေ၏အကူအညီဖြင့် စနစ်တစ်ခုလုံးကို အသုံးချပြီး အမြတ်ဝေစုကို ခွဲဝေယူကြပါသည်။

Scam Empire မှတစ်ဆင့် ဖော်ထုတ်ခဲ့သည့် အကြီးစားလိမ်လည်မှုလုပ်ငန်း နှစ်ခုဖြစ်သည့် ကုမ္ပဏီကို ဖော်ပြပေးခဲ့ပါသည်။ တစ်ခုက အစ္စရေးနဲ့ ဥရောပမှာ အခြေစိုက်သည့်လုပ်ငန်းဖြစ်ပြီး နောက်တစ်ခုကတော့ ဂျော်ဂျီယာနိုင်ငံမှာ အခြေစိုက် သည့်လုပ်ငန်းများ ဖြစ်ပါသည်။ လိမ်လည်ခံရသူ၏ အချက်အလက်များကို စုဆောင်း ပေးသည့် ပြင်ပဈေးကွက်ရှာဖွေရေးသမားမှတစ်ဆင့် ငွေများကို ထုတ်ယူရန်အတွက် ငွေလွှဲဝန်ဆောင်မှုများက ယင်းလိမ်လည်မှုလုပ်ငန်းများကို ကူညီရန်အတွက် ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ထားသည့် လုပ်ငန်းတွေအထိ ပါဝင်ပါသည်။ ထိုဝန်ဆောင်မှု ပေးသူများက **“အယုံသွင်းခြင်းနှင့်ယုံကြည်မှုရယူခြင်းမှငွေယူခြင်း”** ဆိုသည့် လိမ်လည်မှု၏ အဆင့်များကို အဆင့်ဆင့် စီစဉ်တကျဆောင်ရွက်ကြပါသည်၊ Call center များသည် အွန်လိုင်းတွင် လူအများယုံကြည်နိုင်မည့် လိမ်လည်ထားသည့် ကြော်ငြာများကို တင်ပေးနိုင်သည့် ဈေးကွက်ရှာဖွေရေးသမားများကို ငှားရမ်းကြရ ပါသည်။ ဈေးကွက် ရှာဖွေရေးသမားက ကြီးမားတဲ့အမြတ်အစွန်းတွေ ရရှိမည်ဟု မက်လုံး ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဟု ကြော်ငြာခဲ့ပြီး၊ လူအများကို အာရုံစိုက် နိုင်စေရန် ပြုလုပ်ကြရပါသည်။ ထိုကြော်ငြာများတွင် နာမည်ကြီး အနုပညာရှင်များ သို့မဟုတ် မီဒီယာများမှလည်း ကြော်ငြာခြင်းလည်း ဆောင်ရွက်ကြပါသည်။ ကုန်ပစ္စည်းကို ကြော်ငြာတာမျိုးမဟုတ်ဘဲ ဈေးကွက်ရှာဖွေရေး သမားတွေရဲ့ ရည်ရွယ်ချက်က အချက်အလက်များ စုဆောင်းခြင်းပင်ဖြစ်ပါသည်။ ထိုသူတို့၏ Link များကို ဝင်ကြည့်သည့်အခါ လိမ်လည်ခံရသူများ၏ အချက်အလက်များ ထည့်သွင်းရန် တောင်းဆိုထားသည့် စာမျက်နှာတွေဆီ ရောက်သွားပါသည်။ ဒီအချက်အလက်များက call center ဆီကို ရောက်သွားပြီး၊ ငွေသွင်း/ ငွေထုတ်လုပ် ပေးပါသည်။ ထိုငွေသွင်း/ ငွေထုတ်ခြင်းကိစ္စရပ်ကို ဈေးကွက်ရှာဖွေရေးသမားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများက လျော်ကြေးပေးကြပါသည်။

ဈေးကွက်ရှာဖွေရေးသမားများသည် မည်သူ့ကိုဝန်ဆောင်မှုပေးနေသည်ကို အတည်မပြုနိုင်ပေမဲ့ လုပ်ငန်းသဘောသဘာဝကို ဖုံးကွယ်ရန် နာမည်မသိတဲ့

ကုမ္ပဏီများ (shell companies) မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ ကုဒ်ဝှက်ထားခြင်း၊ နာမည်ဝှက်ထားခြင်း၊ ငွေပေးချေမှုများကို လျှို့ဝှက်ငွေကြေးများနှင့် လက်ခံခြင်းစသည့် နည်းလမ်းမျိုးစုံကို အသုံးပြုနေကြပါသည်။ လူမှုမီဒီယာများနှင့် အခြား Website များတွင် လိမ်လည်သည့် ကြော်ငြာများကဲ့သို့ ကြော်ငြာခဲ့ကြပါသည်။ ဈေးကွက် ရှာဖွေရေးသမားများက ကြော်ငြာထည့်ဖို့ရန် ငွေပေးရတာဖြစ်သည့်အတွက် နည်းပညာကုမ္ပဏီများက အမြတ်ဝေစုရကြပါသည်။ ထိုနည်းပညာကုမ္ပဏီများက ဒီလိုလိမ်လည်သည့်အကြောင်းအရာများကို စိစစ်ထိန်းချုပ်ရန်အတွက် တားမြစ်ထားသည့်မူဝါဒများရှိပေမဲ့လည်း ဘီလီယံချီရှိနေသည့် လိမ်လည်မှု ကြော်ငြာများ အမြဲပျံ့နှံ့လျက်ရှိနေပါသည်။

Online ကြော်ငြာတစ်ခုကို နှိပ်ပြီး ဆက်သွယ်ရန်အချက်အလက်များ ထည့်သွင်းပြီးသည်နှင့် မိနစ်ပိုင်းအတွင်းမှာပဲ call center က ဝန်ထမ်းတစ်ဦးဆီကနေ မကြာခဏဆိုသလို ဖုန်းခေါ်ဆိုတာ မျိုးများရှိနေတတ်ပါသည်။ ပြင်ပဈေးကွက်ရှာဖွေရေးသမားများကလည်း စုဆောင်းထားသည့် ကိုယ်ရေးကိုယ်တာအချက် အလက်များကို call center က ထိန်းသိမ်းထားသည့်(leads) တွေ၏ Database ထဲကို တိုက်ရိုက်ပေါင်းစပ်ထည့်သွင်းပေးထားကြပါသည်။

ထို့နောက် call center များသည် လုပ်ငန်းများကို ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် နေရာအနှံ့အပြားက အရောင်းဌာနများတွင် အသုံးပြုနေသည့် **“customer relationship management” (CRM) software** လိုမျိုး နည်းပညာ အမျိုးမျိုးကို အသုံးချကြပါသည်။ ထို **software** က “Customer” တစ်ဦးချင်းစီ၏ အချက်အလက်တွေကို သိမ်းဆည်းထားနိုင်သည့် နေရာတစ်ခုဖြစ်ပါသည်။ ဥပမာ- လိမ်လည်ခံရသူ၏ နောက်ခံအချက်အလက်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဖုန်းပြောဆိုမှုများ၊ ငွေသွင်းထားသည့် ပမာဏနှင့် ငွေထုတ်ယူသုံးစွဲထားသည့်ပမာဏများ စသည်တို့ ပါဝင်ကြသည်။ တချို့ Software များသည် မည်ကဲ့သို့ထိန်းချုပ်ထားသည် ဆိုတာကိုလည်း သိနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ၏ ပမာဏများကို အသေးစိတ်ဖော်ပြထားသည့် အချက်အလက်များလည်း ကြည့်ရှုနိုင်ပါသည်။

လိမ်လည်မှုလုပ်ငန်းသည် နေ့စဉ်နဲ့အမျှ ဖုန်းခေါ်ဆိုမှုများမှတစ်ဆင့် ပြုလုပ်နိုင်မှုအပေါ် မူတည်ပါသည်။ ထိုသို့လုပ်နိုင်ရန်အတွက် Internet မှတစ်ဆင့် နိုင်ငံတကာဖုန်းခေါ်ဆိုမှုများ ဖြစ်သည့် **Voice-over-IP (VoIP)** ဝန်ဆောင်မှုများအတွက် ငွေပေးချေရပါသည်။ ကုန်ကျစရိတ်သက်သာစေရန် **VoIP** က လိမ်လည်ခံရသူများ၏ ဖုန်းနံပါတ်များ၊ နိုင်ငံကုဒ်များကိုရွေးချယ်နိုင်အောင်ပြုလုပ်ပေးပါသည်။ ထို့အပြင် (ဥပမာအားဖြင့်) ယူကေ ဒါမှမဟုတ် ဆွစ်ဇာလန်လိုမျိုး နာမည်ကြီးဘဏ္ဍာရေး ဗဟိုဌာနများမှ ခေါ်နေတာပါလို့ လှည့်စားရန်အတွက် စသည့် အယုံသွင်းမှုမျိုးလည်း ဆောင်ရွက်နိုင်ပါသည်။ VoIP ကုမ္ပဏီများက ဖုန်းနံပါတ်တွေ မကြာခဏ ပိတ်ဆို့ခံရသည့် ဝန်ထမ်းများအတွက် ဖုန်းနံပါတ် အသစ်တွေကိုလည်း ပံ့ပိုးပေးထားပါသည်။

call center များသည် ပုံမှန်ကုမ္ပဏီများကဲ့သို့ အုပ်ချုပ်ရေးဆိုင်ရာ ထိန်းသိမ်းမှုများလည်း လိုအပ်ပါသည်။ ဝန်ထမ်းအတွက် အိမ်ငှားခ၊ အင်တာနက်သုံးစွဲခ၊ လုပ်ငန်းသုံးစရိတ်နှင့် ကားပါကင်စရိတ်များ ပေးဆောင်ရမှာဖြစ်ပြီး လစာပေးချေမှုလိုမျိုး လူ့စွမ်းအားအရင်းအမြစ် (HR) လုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါသည်။ ကိစ္စတော်တော်များများမှာ ပြင်ပကုမ္ပဏီများက ဒီငွေပေးချေမှုများ ကဲ့သို့ပြုလုပ်ပေးပြီး call center တွေနောက်ကွယ်က တကယ့်ကုမ္ပဏီတွေနှင့် လူပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးထားပါသည်။

လိမ်လည်ခံရသူက “ရင်းနှီးမြှုပ်နှံဖို့” အဆင်သင့်ဖြစ်ပြီဆိုတာနှင့် လိမ်လည်သူများအတွက် နောက်ထပ်စိန်ခေါ်မှုကတော့ ဘဏ်တွေက စည်းကမ်းလိုက်နာရေးအရာရှိတွေ သတိမထားမိအောင် ဒါမှမဟုတ် အာဏာပိုင်တွေက ခြေရာခံလို့ရနိုင်တဲ့ အထောက်အထားစာရွက်စာတမ်းတွေ မကျန်အောင် သူတို့၏ငွေများကို ဘယ်လိုရယူမလဲဆိုတာပါပဲ။ သတင်းထောက်တွေ စိစစ်ခဲ့သည့် ကိစ္စတွေမှာ လိမ်လည်သူတွေက လိမ်လည်ခံရသူကို သူတို့၏ငွေစာရင်းတွေကနေ ရန်ပုံငွေတွေ လွှဲပြောင်းဖို့

ကြိုးစားသည့်အခါ ဘဏ်တွေရဲ့မေးခွန်းတွေကို ဘယ်လိုဖြေရမလဲဆိုတာကို အကြံပေးလေ့ရှိပါသည်။ လိမ်လည်သူတွေဟာ လိမ်လည်ခံရသူကို သတ်မှတ်ထားသည့် ဘဏ်အချို့မှာ ငွေစာရင်းဖွင့်ဖို့ကိုလည်း မကြာခဏဆိုသလို တွန်းအားပေးတတ်ပါသည်။ လိမ်လည်သူတွေဟာ သူတို့ရဲ့ Customer တွေဆီကနေ ငွေတွေကို တိုက်ရိုက်လက်ခံရယူခြင်း မပြုပါဘူး။ အဲ့လိုလုပ်ရင် စုံစမ်းစစ်ဆေးသူတွေ ခြေရာခံရတာ အရမ်းလွယ်ကူသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီအစား သူတို့က ငွေရဲ့နောက်ဆုံး ရောက်ရှိရာ နေရာကို ဖုံးကွယ်ဖို့အတွက် ခံစစ်ကုမ္ပဏီတွေ ပိုင်ဆိုင်သည့် တခြားဘဏ်အကောင့်တွေကနေ ငွေများကို လွှဲပြောင်းရယူကြပါသည်။

လုပ်ငန်းပေါက်ကြားခဲ့လျှင် ဒီလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုပေးသူများ၏ စနစ်တစ်ခုလုံး မည်ကဲ့သို့အသုံးပြုခံရလဲဆိုတာကို ရှာဖွေသိမြင်နိုင်ပါသည်။ လိမ်လည်သူတွေက လိမ်လည်ခံရသူ၏ ငွေတွေ လွှဲပြောင်းဖို့ တောင်းခံသည့်အခါ ဒီဝန်ဆောင်မှုပေးသူတွေက သူတို့အတွက် အသင့်တော်ဆုံး ကုမ္ပဏီနဲ့ ချိတ်ဆက်ပေးပြီး ဘဏ်တွေရဲ့ မေးခွန်းတွေကို ဖြေဖို့အတွက် စာရွက်စာတမ်းအတုတွေ ပြုလုပ်ပေးကြပါသည်။ စာရွက်စာတမ်းတွေအရ ဒီဝန်ဆောင်မှုပေးသူတွေက ၁၀ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းအထိ ဝန်ဆောင်ခ ရရှိကြပါသည်။ ဒါဟာ တရားဝင်ငွေ ပေးချေမှု ဝန်ဆောင်မှုတစ်ခုထက် ပိုအဆင်ပြေ စေပါသည်။

ငွေတွေကို နောက်ဆုံးရင်းနှီးမြှုပ်နှံသူဆီရောက်ဖို့အတွက် လိမ်လည်သူများသည် ငွေရဲ့ နောက်ဆုံးလက်ခံရရှိသူတွေကို ဖုံးကွယ်ဖို့ အမည်ခံကုမ္ပဏီတွေ အဆက်မပြတ် လိုအပ်ပါသည်။ ပေါက်ကြားခဲ့လျှင်လည်း အချက်အလက်များက လိမ်လည်ခံရသူတွေ၏ငွေများကို ကမ္ဘာတစ်ဝန်းလုံး လည်ပတ်နေအောင် အသုံးပြုသည့် ကုမ္ပဏီ ဒါဇင်ပေါင်းများစွာ ရှိနေတာကို ဖော်ပြနေပါသည်။ သူတို့ထဲက အချို့သော **software** လိုမျိုး တခြားဝန်ဆောင်မှုများအတွက် call center ဘေလ်တွေကို ပေးချေပေးသည့် ကြားခံကုမ္ပဏီတွေအဖြစ်လည်း ဆောင်ရွက်ပေးပါသည်။




**Sources**

Fact-checking was provided by the OCCRP Fact-Checking Desk. Research and Data expertise was provided on this story by OCCRP's Research and Data Team

ဒေါ်ဖြိုးဖြိုး
ဦးစီးအရာရှိ
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

## အင်ဒိုနီးရှား နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ၏ ဒေါ်လာ ၁၇ ဘီလီယံ အဂတိလိုက်စားမှုဖြစ်သည်ကို အသေးစိတ် စုံစမ်းစစ်ဆေး

နိုင်ငံအတွက် စီးပွားရေးဆုံးရှုံးမှု ဒေါ်လာ ၁၇.၆ ဘီလီယံ (အင်ဒိုနီးရှား ရူပီယာ ၂၈၅ ထရီလီယံ) ကုန်ကျသည်ဟု စွပ်စွဲခံထားရသော နိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီဖြစ်သည့် Pertamina ပါဝင်သည့် လောင်စာဆီဝယ်ယူရေးဆိုင်ရာ အကျင့်ပျက် ခြစားမှုအား အသေးစိတ်စုံစမ်းစစ်ဆေးခြင်းကို အင်ဒိုနီးရှားနိုင်ငံ၊ ရှေ့နေချုပ်ရုံးက စတင် လိုက်သည်။

စုံစမ်းစစ်ဆေးရာတွင် အင်ဒိုနီးရှားသည် ရေနံစိမ်းနှင့်ရေနံထွက်ကုန်များ ဝယ်ယူရေးနှင့် စပ်လျဉ်း၍ အကျင့်ပျက်ခြစားမှုတွင် ပါဝင်သည့် သံသယရှိသူကိုးဦး၏ အမည်စာရင်း ထုတ်ဖော်ခဲ့သည်။ သံသယရှိသူကိုးဦးအနက် သံသယရှိသူခြောက်ဦး သည် နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီ၏ အမှုဆောင်ဟောင်းများဖြစ်ပြီး သုံးဦးမှာ ပုဂ္ဂလိကကုမ္ပဏီများမှ ဖြစ်သည်။ သင်္ဘောကုမ္ပဏီ PT Mahameru Kencana Abadi မှ အမှုဆောင်ဟောင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကြီး Trafigura မှ မန်နေဂျာဟောင်းနှင့် လောင်စာဆီဆိုင် PT Orbit Terminal Merak မှ မန်နေဂျာဟောင်း တို့ဖြစ်ကြောင်း ရှေ့နေချုပ်ရုံးမှ ဒါရိုက်တာ Abdul Qohar မှ ပြောကြားခဲ့သည်။

သံသယရှိသူကိုးဦးသည် ၂၀၁၈ မှ ၂၀၂၃ ခုနှစ်အတွင်း ရေနံဝယ်ယူရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေနံတင်သင်္ဘောနှင့် ဂိတ်အငှားစာချုပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း မှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် စွပ်စွဲခံထားရသည်။

ယခုနှစ်အစောပိုင်း၌ ရေနံတင်သွင်းမှုတွင် အကျင့်ပျက်ခြစားမှုကြောင့် Pertamina မှ အမှုဆောင်အရာရှိ သုံးဦးကို ဖမ်းဆီးခဲ့သည်။ Pertamina Patra Niaga ၏ အမှုဆောင်အရာရှိချုပ် Riva Siahaan ၊ Pertamina International Shipping ၏ CEO ဖြစ်သူ Yoki Firnandi နှင့် Kilang Pertamina Internasional ၏ ဒါရိုက်တာ Sani Dinar Saifuddin တို့သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖမ်းဆီးခံခဲ့ရသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါအကျင့်ပျက်ခြစားမှုသည် နိုင်ငံကို ဒေါ်လာ ၁၂ ဘီလီယံခန့် နစ်နာဆုံးရှုံးစေသည်ဟု အင်ဒိုနီးရှားနိုင်ငံ၊ အစိုးရရှေ့နေများက ပြောကြသည်။ ယခုအချိန်တွင် ကိန်းဂဏန်းသည် ဒေါ်လာ ၁၇ ဘီလီယံကျော်နှင့် ညီမျှနေပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံး အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေချိန်တွင် Pertamina နှင့် အစိုးရတို့သည် အရှေ့တောင်အာရှ၏ အကြီးဆုံးစီးပွားရေးမှ ရေနံထုတ်လုပ်မှုကို မြှင့်တင်ရန် ကြိုးစားနေကြသည်။ လက်ရှိတွင် အင်ဒိုနီးရှားသည် တစ်နေ့လျှင် ရေနံစိမ်း စည်ပေါင်း (၆၀၀,၀၀၀) ခန့် ထုတ်လုပ်လျက်ရှိသည်။ ၎င်း၏ရည်မှန်းချက်သည် ၂၀၃၀ ခုနှစ်တွင် ထုတ်လုပ်သည့် ပမာဏကိုစည်ပေါင်း ၁ သန်း မြှင့်တင်ရန်ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် အင်ဒိုနီးရှားသည် ၎င်း၏ဆယ်စုနှစ်ကြာ ရေနံထုတ်လုပ်မှုကျဆင်းနေခြင်းကို တွန်းလှန်ရန်နှင့် အမျိုးသားစွမ်းအင်လုံခြုံရေးကို အားကောင်းလာစေရန်အတွက် နိုင်ငံတကာနှင့်ပြည်တွင်းလုပ်ငန်းရှင်များအား ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၅ ခုကို ချပေးခဲ့သည်။






**Source**

https://oilprice.com/Latest-Energy-News/World-News/Indonesia-Widens-17-Billion-Corruption-Probe-Into-State-Energy-Firm.html

ဒေါ်စန္ဒာဝင်း
ဦးစီးအရာရှိ
အသိပညာပေးရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ

***********............**********

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် Artificial Intelligence (AI) အသုံးပြုခြင်းကြောင့် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ

AI သည် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ကောင်းမွန်သောနည်းလမ်းများ ပေးစွမ်းနိုင်သော်လည်း ထိုနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုဆိုင်ရာ အတားအဆီးများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် AI နည်းပညာအသုံးပြုခြင်းဖြင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုအချို့မှာ-

### အချက်အလက်ဆိုင်ရာ စိန်ခေါ်မှုများ

AI စနစ်အား လေ့ကျင့်ပေးရာတွင် အသုံးပြုသော အချက်အလက်နှင့် ခွဲခြမ်းစိတ်ဖြာသည့် အချက်အလက်များ၏ အရည်အသွေး၊ ပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှုအပေါ်မူတည်၍ အဂတိလိုက်စားမှုများကို ထောက်လှမ်းနိုင်ပါသည်။ ယင်းသို့ ထောက်လှမ်းရာတွင် အချက်အလက်များ မပြည့်စုံခြင်း၊ ဘက်လိုက်မှုရှိခြင်း သို့မဟုတ် ခေတ်နောက်ကျနေခြင်းတို့ဖြစ်ပါက AI မှ ထုတ်ပေးသော ရလဒ်များသည် ချို့ယွင်းချက်များ၊ **မတိကျသောရလဒ်များ**ကို ဖြစ်ပေါ်စေသောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့်

ဘရာဇီးရှိ MARA စီမံကိန်းသည် ပြစ်မှုဆိုင်ရာအချက်အလက်များကို အသုံးပြု၍ အဂတိလိုက်စားမှုဆိုင်ရာ အဆင့်သတ်မှတ်ချက်များကို တွက်ချက်ပေးသော်လည်း ၎င်း၏ လေ့ကျင့်မှုအချက်အလက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဘက်လိုက်မှုများကြောင့် ထိခိုက်မှုရှိနေပါသည်။ အလားတူပင် ငွေကြေးခဝါချမှုကို ထောက်လှမ်းရန် အသုံးပြုသည့် AI စနစ်ဆိုင်ရာ လေ့လာမှုတစ်ခုက အချက်အလက်များ၏ အရည်အသွေးကို သိသိသာသာ လျော့ကျစေကြောင်း တွေ့ရှိခဲ့ပါသည်။

## ကိုယ်ရေးကိုယ်တာဆိုင်ရာ စိုးရိမ်ပူပန်မှုများ

AI စနစ်များ ထိရောက်စွာလုပ်ဆောင်နိုင်ရန် ကဏ္ဍစုံရှိ အချက်အလက်များ စုဆောင်းမှုသည် သက်ဆိုင်ရာကဏ္ဍ၏ ဌာန၊ အဖွဲ့အစည်းရှိ ပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာနှင့် ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ၏ Public Financial Management System တွင် AI ကို အစိုးရ၏ သုံးစွဲမှုများ ခြေရာခံရန်နှင့် အဂတိလိုက်စားမှု အန္တရာယ်များကို အချက်ပြသတိပေးရန်အတွက် အသုံးပြုပါသည်။ ဤစနစ်သည် အဓိကကျသော ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ စုဆောင်းထားပြီး ယင်းက အရပ်ဘက် လွတ်လပ်ခွင့်များကို ထိပါးခြင်း ရှိ၊ မရှိ နှင့်ပတ်သက်၍ အငြင်းပွားမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ အလားတူပင် ဒတ်ချ်တရားရုံးတစ်ခုက ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အောက်ရှိ ကိုယ်ရေးကိုယ်တာအခွင့်အရေးများကို လိုက်နာရန် ပျက်ကွက်မှုကြောင့် အမျိုးမျိုးသော ရင်းမြစ်များမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စုစည်းထားသည့် လူမှုဖူလုံရေး လိမ်လည်မှု ထောက်လှမ်းရေးစနစ်ဖြစ်သော Systeem Risico Indicatie ကို တရားမဝင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

## ပွင့်လင်းမြင်သာမှုနှင့် ရှင်းပြနိုင်စွမ်း အားနည်းခြင်း

AI စနစ်များ၏ လုပ်ငန်းဆောင်ရွက်ပုံမှာ မှတ်တမ်းတင်ထားသည့်ပစ္စည်း (Black Box) များကဲ့သို့ လုပ်ဆောင်ကြပြီး ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းများတွင်

ပွင့်လင်းမြင်သာမှုအားနည်းပြီး ၎င်းတို့၏ တွေ့ရှိချက်များကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် မှန်ကန်ကြောင်း အတည်ပြုရန် ခက်ခဲစေပါသည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံ၏ Zero Trust စီမံကိန်းသည် ဘဏ်ရှင်းတမ်းများ၊ ပိုင်ဆိုင်မှုလွှဲပြောင်းမှုများနှင့် ပုဂ္ဂလိက ဝယ်ယူမှုများပါဝင်သော Database ၁၅၀ ကို တစ်ခုနှင့်တစ်ခု တိုက်ဆိုင် စစ်ဆေးခြင်းဖြင့် အရာရှိ သန်း ၆၀ ကျော်အကြားတွင် အဂတိလိုက်စားမှုများကို ဖော်ထုတ်ရန် ရည်ရွယ်ခဲ့ပါသည်။ အဂတိလိုက်စားနိုင်ခြေရှိသည့် ပုံမှန်မဟုတ်သည့် အရာများကို ထိရောက်စွာ ဖော်ထုတ်နိုင်သော်လည်း ဌာနတွင်း သုတေသီများက ယင်းစနစ်သည် တိကျသော ကောက်ချက်များကို မည်သို့ရရှိခဲ့သည်ကို ရှင်းပြနိုင်စွမ်း မရှိကြောင်း ဝန်ခံခဲ့ပါသည်။ AI စနစ်များ၏ ပွင့်လင်းမြင်သာမှု မရှိခြင်းက ထိုစနစ်များအပေါ် လူထု၏ယုံကြည်မှုကို အားနည်းစေနိုင်ပါသည်။ အစိုးရ အဖွဲ့အစည်းများသည် AI-driven ဆုံးဖြတ်ချက်များ၏ အဓိပ္ပာယ် ရှင်းလင်းချက်ကိုပေးရန် ခက်ခဲနိုင်ပြီး ယင်းက အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုဆိုင်ရာ နိယာမများကို ထိခိုက်စေနိုင်ပါသည်။ ထိုသို့ ရှင်းပြနိုင်စွမ်းမရှိခြင်းက သက်သေအထောက်အထားများအား မြင့်မားသော သက်သေခံမှုနှင့် ပွင့်လင်းမြင်သာမှု စံနှုန်းများနှင့် ကိုက်ညီရမည့် တရားစီရင်ရေးရာကဏ္ဍများတွင် AI-driven ထိုးထွင်း သိမြင်မှုများ၏ ယုံကြည်စိတ်ချရမှုကို အဟန့်အတားဖြစ်စေပါသည်။

ဤပြဿနာများသည် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် AI ကို ထိရောက်စွာ အသုံးပြုရာတွင် စိန်ခေါ်မှုများကို ညွှန်ပြနေပါသည်။ အဂတိလိုက်စားသူကိုယ်တိုင်က ၎င်းတို့၏ တရားမဝင်လုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ထိခိုက်စေရန်အတွက် AI စနစ်များကို အသုံးပြုနိုင်သည့် အလားအလာကိုလည်း သတိထားရပါမည်။ ဥပမာအားဖြင့် AI စနစ်များ၏ သတင်းမှားများ ဖန်တီးနိုင်စွမ်းနှင့် ၎င်းတို့ကို ပိုမိုပြင်းထန်စေနိုင်စွမ်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများအတွက် အထူးပင် အန္တရာယ်ရှိသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာစေနိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေးသမား

တစ်ဦးကို အပေးအယူလုပ်ထားသည့်အခြေအနေကို မှားယွင်းစွာပုံဖော်ထားသော Deepfake ဗီဒီယိုတစ်ခုသည် လူအများအကြား ပျံ့နှံ့ခဲ့ပြီး ၎င်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေကာ ဒီမိုကရက်တစ် လုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုကို ထိခိုက်စေခဲ့ပါသည်။ အလားတူပင် အမေရိကန်ရွေးကောက်ပွဲ ကာလအတွင်း Chat GPT ကို ဖန်တီးသော Open AI ကုမ္ပဏီသည် နိုင်ငံရေးကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံ အတု ၂၅၀,၀၀၀ ကျော် ဖန်တီးရန်အတွက် တောင်းဆိုချက်များကို ပယ်ချခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ဤဖြစ်ရပ်များသည် သတင်းမှား ခြိမ်းခြောက်မှု၏ အတိုင်းအတာကို မီးမောင်းထိုးပြနေပြီး AI အား အများပြည်သူ ထင်မြင်ယူဆချက်များကို ထိန်းချုပ်ရန်၊ ဂုဏ်သိက္ခာကို ထိခိုက်စေရန် သို့မဟုတ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုများမှ အာရုံလွှဲရန်အတွက် မှားယွင်းသော်လည်း ယုံကြည်ဖွယ်ရှိသော အကြောင်းအရာများကို ဖန်တီးရန် အသုံးပြုနေကြပါသည်။

အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် AI ၏ အသွင်ကူးပြောင်းနိုင်သော အလားအလာကို အပြည့်အဝအသုံးချနိုင်ရန်အတွက် အစိုးရများ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများသည် ၎င်း၏ ပင်ကိုစိန်ခေါ်မှုများကို ရည်ရွယ်ချက်ရှိရှိနှင့် မဟာဗျူဟာ များဖြင့် ဖြေရှင်းရပါမည်။ AI စနစ်များသည် တာဝန်ယူမှုနှင့် မျှတမှုဖြင့် လုပ်ဆောင်နိုင် ကြောင်း အာမခံခြင်းအပြင် သတင်းမှားများနှင့် ဘက်လိုက်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း ကဲ့သို့သော အလွဲသုံးစားလုပ်မှုအန္တရာယ်များကို လျှော့ချခြင်းဖြင့် ဤနည်းပညာများသည် အစိုးရအဖွဲ့အစည်းများအပေါ် ယုံကြည်မှုကို မြှင့်တင်ပေးနိုင်ပြီး ဒီမိုကရေစီ နည်းလမ်း ကျကျ အုပ်ချုပ်မှုကို ခိုင်မာစေနိုင်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် AI ကို ထိရောက်စွာ အသုံးချနိုင်ရေး နည်းလမ်းမှာ ရှုပ်ထွေးပါသည်။ သို့သော် AI သည် လျှို့ဝှက်သည့် အဂတိလိုက်စားမှုကွန်ရက်များကို ဖော်ထုတ်ရန်အတွက် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အများပြည်သူဆိုင်ရာအရင်းအမြစ်များကို ကာကွယ်ရန်နှင့် မျှတမှုကို မြှင့်တင်ရန်အတွက် အစွမ်းထက်သောကိရိယာတစ်ခုအဖြစ် အသုံးဝင်

ပါသည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် AI သည် အလားအလာရှိသည့် ရလဒ်ကောင်းများကို ဖော်ထုတ်နိုင်ရုံသာမက လူ့အဖွဲ့အစည်းအတွင်းရှိ ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှုနှင့် တရားမျှတမှုတို့၏ အခြေခံမူများကိုပါ ခိုင်မာအောင်တည်ဆောက်နိုင်ပါသည်။

**Source**




https://www.corruptionwatch.org.za/artificial-intelligence-in-anti-corruption-opportunities-and-challenges/

နန်းမြကြာခြည်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

**ဖိလစ်ပိုင်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (OMB) က DPWH ဝန်ထမ်း ၁၆ ဦးအား ရာထူး ဆိုင်းငံ့အမိန့်ထုတ်ပြန်**

စုံစမ်းစစ်ဆေးရေးအရာရှိ (အစမ်းခန့်) Dante F. Vargas က ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြည်သူ့ရေးရာလုပ်ငန်းများနှင့် အဝေးပြေးလမ်းမများ

ဌာန (Department of Public Works and Highways – DPWH) မှ ဝန်ထမ်း ၁၆ ဦးကို ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ရာထူးဆိုင်းငံ့ခြင်းအမိန့်ထုတ်ပြန်ခဲ့သည်။ DPWH အတွင်းရေးမှူး Vince Dizon က စက်တင်ဘာလ ၁၅ ရက်နေ့တွင် DPWH ဝန်ထမ်းအများစုကို ပြစ်မှုကြောင်းအရ တရားစွဲဆိုလိုက်ခြင်းနှင့် စာရင်းစစ်ကော်မရှင် ဥက္ကဋ္ဌ Gamaliel Cordoaba က Plaridel, Pandi, Bocaue စသည့် မြို့များမှ ရေလွှမ်းမိုးမှု ထိန်းချုပ်ရေး စီမံကိန်းများနှင့်စပ်လျဉ်းသည့် လိမ်လည်မှုစာရင်း အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးနောက် ယခုကဲ့သို့ ရာထူးဆိုင်းငံ့မိန့်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ ရှိမနေခြင်း၊ အမှန်တကယ် လုပ်ငန်းရှိမနေခြင်း၊ သတ်မှတ်နေရာတွင် လုပ်ကိုင်ထားမှုမရှိခြင်းနှင့် လေလံကိစ္စရပ်များတွင် အားနည်းချက်များရှိနေခြင်းတို့ကြောင့် ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးစီမံကိန်းများကို တစ္ဆေပရောဂျက် သို့မဟုတ် လာဘ်စားသော ပရောဂျက်များအဖြစ် သတ်မှတ်ကာ မေးခွန်းထုတ်နေကြသည်။ အဆိုပါ စီမံကိန်းများအတွက် ဖိလစ်ပိုင်ငွေ ပီဆို ၃၈၉.၆ မီလီယံခွဲဝေပေးထားခဲ့သည်ကို တွေ့ရသည်။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များကို ထိန်းသိမ်းရန်၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူများအပေါ် မလျော်ဩဇာလွှမ်းမိုးမှုများက ကာကွယ်ရန် ယခုကဲ့သို့ ရာထူးဆိုင်းငံ့အမိန့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။



**Source**

https://www.ombudsman.gov.ph/ombudsman-issues-preventive-suspension-against-16-dpwh-personnel/

ဒေါ်သက်နှင်းစု
ဦးစီးအရာရှိ
စုံစမ်းစစ်ဆေးရေးဦးစီးဌာန

***********............**********

**ဒေါ်လာ ၁၁ ဒသမ ၅ သန်းတန် မျိုးရိုးဗီဇစစ်ဆေးခြင်းလိမ်လည်မှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ အတွက် ကုန်သည်တစ်ဦး ထောင်ဒဏ်ချမှတ်ခံရ**

ဖလော်ရီဒါပြည်နယ်၊ တန်ပါမြို့မှ အသက် ၄၇ နှစ်အရွယ်ရှိ ရောဘတ်ဒစ်(စ်)လီ ဆိုသူကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူခြင်းဖြင့် အမေရိကန်နိုင်ငံကို သိက္ခာကျစေခဲ့သဖြင့် ထောင်ဒဏ် ၅၇ လ ချမှတ်ခဲ့သည်။ ဒစ်(စ်)လီ အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလက ၎င်းတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။ ဒစ်(စ်)လီ အနေဖြင့် ထောင်ဒဏ်အပြင် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ မီလီယံ ပေးဆောင်ရန်နှင့် ပြစ်မှုနှင့်သက်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ မီလီယံကို သိမ်းဆည်းရန် အမိန့်ချမှတ်ခံခဲ့ရသည်။

တရားရုံးစာရွက်စာတမ်းများနှင့်ထွက်ဆိုချက် မှတ်တမ်းများအရ ဒစ်(စ်)လီ နှင့် ပူးပေါင်းကြံစည်သူများသည် ကျန်းမာရေးစောင့်ရှောက်မှု အကျိုးခံစားခွင့်ရှိသူများကို မလိုအပ်သော်လည်း မျိုးရိုးဗီဇစစ်ဆေးရန်လုပ်ဆောင်ခဲ့သည်။ ဒစ်(စ်)လီ အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်မှုမရှိသော အခြားစီးပွားရေးသမားများနှင့် ပူးပေါင်း၍ စတိုးဆိုင်များ၊ ဆေးဆိုင်များ၊ ကားအရောင်းအဝယ်လုပ်ငန်းများတွင် ကျန်းမာရေး အကျိုးခံစားခွင့်ရှိသူများကို ခန့်အပ်ပြီး ထိုသူများကို မျိုးရိုးဗီဇစစ်ဆေးရန် စွဲဆောင်စည်းရုံးခဲ့သည်။ ထို့နောက် ကျန်းမာရေးဆိုင်ရာ ဆေးကုမ္ပဏီသို့ လာဘ်ပေး၍ ဆေးစစ်ချက်

ရလဒ်များကို လိမ်လည်ထုတ်ပေးရန် ကြိုးပမ်းခဲ့သည်။ ဆေးစစ်ချက်များကို ဒစ်(စ်)လီနှင့် အပေါင်းအပါများထံ ဝန်ဆောင်ခပေးသည့် ဓာတ်ခွဲခန်းများသို့သာ ပေးပို့ခဲ့သည်။

၂၀၁၈ ဇွန်လ မှ ၂၀၂၀ ဒီဇင်ဘာ ကာလအတွင်း ဒစ်(စ်)လီနှင့် အပေါင်းအပါများ အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အကျိုးခံစားခွင့်ရှိသူများကို ဓာတ်ခွဲခန်းများသို့ ဆေးစစ်ခ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ မီလီယံ ပေးဆောင်စေခဲ့ပြီး ၎င်းတို့အတွက် တရားမဝင် ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ မီလီယံရရှိခဲ့သည်။ ဒစ်(စ်)လီ တစ်ဦးတည်းအတွက်ပင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ မီလီယံ ရရှိခဲ့သည်။

ကျန်းမာရေးနှင့်လူသားစောင့်ရှောက်ရေးရုံး၏ စုံစမ်းစစ်ဆေးရေး အရာရှိချုပ်က ထိုကိစ္စရပ်ကို စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။

တရားရေးဌာန၊ မှုခင်းဌာနခွဲမှ လက်ထောက်ရှေ့နေချုပ် (ခေတ္တ) ဖြစ်သူ မက်သရူး (Matthew Galeotti) နှင့် HHS – OIG ၊ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယ စုံစမ်းစစ်ဆေးရေးမှူးချုပ် ခရစ်စတင်း (Christain J. Schrank) တို့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မှုခင်းဌာနခွဲ၊ လိမ်လည်မှုကိုင်တွယ်ဖြေရှင်းရေးဌာနမှ ရှေ့နေ ချားလက်စ် (Charles D. Strauss) က တရားစွဲဆိုခဲ့သည်။

လိမ်လည်မှုကိုင်တွယ်ဖြေရှင်းရေးဌာန အနေဖြင့် မှုခင်းဌာနခွဲ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလိမ်လည်မှုတိုက်ဖျက်ရေးအစီအစဉ်နှင့်ပူးပေါင်း၍ ကျန်းမာရေး စောင့်ရှောက်မှု လိမ်လည်မှုများကို တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၇ ခုနှစ် မတ်လမှစ၍ အဆိုပါအစီအစဉ်မှတစ်ဆင့် ခရိုင် ၂၇ ခုရှိ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များနှင့် ကျန်းမာရေးအာမခံထားရှိသူများမှ ကောက်ခံရရှိသည့် အမေရိကန် ဒေါ်လာ ဘီလီယံ ၃၀ ကျော်နှင့်စပ်လျဉ်း၍ လူပေါင်း ၅၈၀၀ ကျော်ကို တရားစွဲဆိုခဲ့သည်။ ထို့အပြင် ကျန်းမာရေးနှင့်လူသားစောင့်ရှောက်ရေးဌာန စုံစမ်းစစ်ဆေးရေးမှူးချုပ်နှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာများကလည်း ကျန်းမာရေး

စောင့်ရှောက်မှု လိမ်လည်မှုများတွင် ပါဝင်သူများကို တာဝန်ယူ တာဝန်ခံမှုရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

**Source**

www.justice.gov/criminal-fraud/health-care-fraud-unit

သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာနှင့်တရားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

## စင်္ကာပူနိုင်ငံအတွင်း စီးပွားရေးအကျိုးအမြတ်အတွက် အဂတိလိုက်စားမှုကျူးလွန်ကြသော လူပုဂ္ဂိုလ် ၄ ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် လူပုဂ္ဂိုလ် ၄ ဦးအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအက်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခဲ့သည်-

- **Huang Zhengquan၊ "Huang"** သည် ပြစ်မှုကျူးလွန်ချိန်တွင် အသက် ၃၈ နှစ်၊ စင်္ကာပူနိုင်ငံသား၊ SK ပုဂ္ဂလိက ကျောက်မျက်ရောင်းဝယ်ရေး ကုမ္ပဏီ၏ ပရောဂျက်မန်နေဂျာ၊ Wine Trade Asia ပုဂ္ဂလိက ကုမ္ပဏီ၏ မန်နေဂျာ ဖြစ်ပါသည်။
- **Ho Yau Wei, Julian၊ "Ho"** သည် ပြစ်မှုကျူးလွန်ချိန်တွင် အသက် ၃၉ နှစ်၊ စင်္ကာပူနိုင်ငံသား၊ Fulcrum Designs Pte Ltd ၏ အမှုဆောင် ဒါရိုက်တာ တစ်ဦးဖြစ်သည်။
- **Chan Weizhang Raynen "Chan"** သည် ပြစ်မှုကျူးလွန်ချိန်တွင် အသက် ၄၃ နှစ်၊ စင်္ကာပူ နိုင်ငံသား၊ Alliance R.C Pte Ltd ၌ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်သည်။

- **Neo Wee Meng Adam Michael၊ "Neo"** သည် ပြစ်မှုကျူးလွန်ချိန်တွင် အသက် ၄၇ နှစ်၊ စင်္ကာပူ နိုင်ငံသား၊ 6IXTY 8IGHT (Singapore) Pte Ltd ၏ မန်နေဂျာတစ်ဦးဖြစ်သည်။

**Huang နှင့် Ho တို့၏ Fulcrum Designs အကျိုးအမြတ်အတွက် SK Jewellery နှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှု**

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၂၂ ရက်အထိ၊ Huang သည် Ho ထံမှ Fulcrum Designs ၏အကျိုးစီးပွားအတွက် SK Jewellery နှင့် ပူးပေါင်း ဖော်ဆောင်ရန်အတွက်ပေးသော အကျိုးဆောင် ငွေအဖြစ် စုစုပေါင်း စင်္ကာပူဒေါ်လာ ၄၀,၀၀၀ ကို ၄ ကြိမ်ခွဲ၍ လက်ခံခဲ့သည်ဟု စွပ်စွဲခံ ထားရသည်။

ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်မှ ဇွန်လ ၂၉ ရက်အထိ၊ Huang သည် Ho ထံမှ Fulcrum Designs ၏အကျိုးစီးပွားအတွက် SK Jewellery နှင့် ပူးပေါင်း ဖော်ဆောင်ရန်အတွက်ပေးသော အကျိုးဆောင်ငွေအဖြစ် စုစုပေါင်း စင်္ကာပူဒေါ်လာ ၂၁,၅၀၀ ကို ၃ ကြိမ်ခွဲ၍ တောင်းခံခဲ့သည်ဟုလည်း စွပ်စွဲခံထား ရသည်။

ထိုအမှုများအတွက် Huang သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(က) နှင့် ပုဒ်မ ၅(က) အရ ပြစ်မှုတစ်ခုခြင်းစီအား သီးခြားပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ချမည် ဖြစ်သည်။ Ho သည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအက် ဥပဒေပုဒ်မ ၆(ခ) နှင့် ပုဒ်မ ၅(ခ) အရ ပြစ်ဒဏ်တစ်ခုချင်းစီအား သီးခြားပြစ်ဒဏ်ချမှတ် ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ချမည်ဖြစ်သည်။

**Huang နှင့် Ho တို့၏ Fulcrum Designs အကျိုးအမြတ်အတွက် Wine Trade Asia နှင့်ပူးပေါင်း၍ အဂတိ လိုက်စားမှုကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှု**

၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်အထိ၊ Huang သည် Ho ထံမှ စုစုပေါင်း စင်္ကာပူဒေါ်လာ ၁၅၈,၅၀၀ ကို ၁၇ ကြိမ်ခွဲ၍ ရယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ထိုအမှုအတွက် Huang သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(က) အရ ပြစ်ဒဏ်နှစ်ခု ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ချမည် ဖြစ်သည်။ Ho သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(ခ) အရ ပြစ်ဒဏ်နှစ်ခု ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ချမည်ဖြစ်သည်။

**Huang နှင့် Chan တို့၏ Alliance R.C အကျိုးအမြတ်အတွက် Wine Trade Asia နှင့် ပူးပေါင်း၍ အဂတိ လိုက်စားမှုကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှု**

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် Huang သည် Alliance R.C ထံမှ စင်္ကာပူဒေါ်လာ ၉,၁၀၀ ကို Alliance R.C ၏အကျိုးစီးပွားအတွက် Wine Trade နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက်ပေးသော အကျိုးဆောင် ငွေအဖြစ် လက်ခံခဲ့သည်ဟု စွပ်စွဲခံထားရသည်။ Chan သည် အခြားသူ ၂ ဦးနှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ Huang အား လာဘ်ငွေပေးမှုတွင် ပါဝင်ခဲ့သည်။

ထိုအမှုအတွက် Huang သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(က) အရ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ပြီး Chan သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(ခ)နှင့် ၂၉(က) တို့အရ ပြစ်ဒဏ်ချမှတ်ခံရမည်။

**Fulcrum Designs အတွက် 6IXTY 8IGHT နှင့် ပူးပေါင်းမှုအပေါ် Huang၊ Ho နှင့် Neo တို့၏ အဂတိလိုက်စားမှု**

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ၊ Huang သည် Neo ထံ Fulcrum Designs ၏အကျိုးစီးပွားအတွက် 6IXTY 8IGHT နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက်ပေးသော အကျိုးဆောင် ငွေအဖြစ် စင်္ကာပူဒေါ်လာ ၃,၆၅၀ ကို ၃ ကြိမ်ခွဲ၍ ပေးခဲ့သည်ဟု စွပ်စွဲခံထားရသည်။ Ho သည် Huang နှင့်အတူ Neo ထံ ငွေပေးမှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုအမှုအတွက် Huang သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(ခ) အရ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။ Ho သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(ခ)နှင့် ၂၉(က) တို့အရ ပြစ်ဒဏ်ချမှတ်ခံရမည် ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။ Neo သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(က)အရ ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၄(၄) အရ ပြစ်ဒဏ် ကျခံရမည်ဖြစ်သည်။

**Source**

https://www.cpib.gov.sg/four-individuals-charged-with-alleged-corruption-offences-in-relation-to-business-interests/

ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ
စုံစမ်းစစ်ဆေးရေးဦးစီးဌာန

***********............**********

**စီအိတ်ဒီက အဂတိလိုက်စားမှုများကို ရှုံ့ချပြီး**
**ကျောင်းသားများ၏ ဆန္ဒပြမှုများကို ထောက်ခံအားပေး**

ကျောင်းသားများအနေဖြင့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုများကို ဆန့်ကျင် ဆန္ဒပြခွင့်ရသဖြင့် ၂၃-၉-၂၀၂၅ ရက် နေ့တွင် ဖိလစ်ပိုင်နိုင်ငံ အထက်တန်း ပညာရေး ကော်မရှင် (CHD) က နိုင်ငံအတွင်း ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို ဆန့်ကျင် ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ ဖာဒီနန်မားကို့(စ်) ဂျူနီယာက ရေလွှမ်းမိုးမှုထိန်းချုပ်ရေး စီမံကိန်း အစီ အစဉ်များတွင် ဖြစ်ပေါ်ခဲ့သည့် ပုံမှန်မဟုတ်သော အခြေခံအဆောက်အဦဆိုင်ရာ

ပရောဂျက်များကို စုံစမ်းစစ်ဆေးရန် ထုတ်ပြန်ခဲ့မှုနှင့်အညီ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

စီအိတ်ဒီက အဂတိလိုက်စားမှုပုံစံအားလုံးကိုရှုံ့ချပြီး နိုင်ငံသားများ အထူးသဖြင့် လူငယ်များကို ဆန္ဒဖော်ထုတ်ရန် တွန်းအားတစ်ရပ်ဖြစ်စေသည်ကို အသိအမှတ်ပြုကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဂတိလိုက်စားမှုများကို ဆန့်ကျင်ဆန္ဒပြသည့် လူငယ်များအနေဖြင့် တာဝန်ယူမှု တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ကို တောင်းခံပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

စီအိတ်ဒီအနေဖြင့် သမ္မတမားကို့စ်၊ ဖိလစ်ပိုင်လူငယ်များနှင့် အထက်တန်းပညာရေး အသိုင်းအဝိုင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တစ်သားတည်းရှိကြောင်းနှင့် လူငယ်များသည် ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှုများ ကင်းစင်သော ဖိလစ်ပိုင်နိုင်ငံကို ထူထောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သဖြင့် လူငယ်များ၏ အသံကို အသိအမှတ်ပြုရမည်ဖြစ်ရုံသာမက ကာကွယ်ပေးရမည်ဖြစ်ကြောင်း ထပ်လောင်း ထည့်သွင်းရေးသားထားသည်။

ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားခွင့်ရှိသော လူငယ်တို့၏ အခွင့်အရေးကို လေးစားရမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ထောက်ခံခြင်းသည် ဥပဒေနှင့်အညီသာ ဖြစ်ကြောင်း စီအိတ်ဒီက ထုတ်ပြန်ထားသည်။

သို့ရာတွင် အေဂျင်စီအနေဖြင့် အထက်တန်းပညာရေးအဖွဲ့အစည်းများ သို့မဟုတ် ကျောင်းသားများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆန္ဒပြမှုများတွင် ပါဝင်ရန် လှုံ့ဆော်သည် ဆိုသည့် စွဲချက်ကို ငြင်းဆိုထားသည်။

“မှားယွင်းတဲ့ စွပ်စွဲချက်တွေပါ၊ စီအိတ်ဒီက ကျောင်းသားတွေကို ဆန္ဒပြစုဝေးပွဲတွေကို တက်ဖို့ မညွှန်ကြားခဲ့ပါ၊ ပါဝင်ခြင်းက သူတို့ရဲ့ ရွေးချယ်မှုပါ၊ အထက်တန်းပညာ တက်မြောက်ထားသူတွေဖြစ်တဲ့အတွက် သူတို့၏ ဆုံးဖြတ်ချက်တွေက မှန်ကန်လိမ့်မည်ဆိုသည်ကို ယုံကြည်ပါတယ်၊” ဟု အေဂျင်စီက ထုတ်ပြန်ထားသည်။

ကောင်မရှင်က ကျောင်းသားလူငယ်များကို သတင်းတု သတင်းမှားများနှင့် လုပ်ကြံသတင်းများကို သတိထားရန်နှင့်ကန့်ကွက်ကြရန် တိုက်တွန်းထားသည်။

တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးတို့ကို ထိန်းသိမ်းထားနိုင်ရေးအတွက် ဥပဒေနှင့်အညီ ကျောင်းသားလူငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးရန် တရားဥပဒေစိုးမိုးရေး အာဏာပိုင်များအနေဖြင့် စောင့်ကြည့်မှုနှင့် စုံစမ်းစစ်ဆေးမှုများ ရှိသင့်သည်ဟု အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

**Source**

https://www.pna.gov.ph/articles/1259355

သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

## တောင်ဆူဒန်နိုင်ငံတွင် စားနပ်ရိက္ခာပြတ်လပ်မှု ပိုမိုဆိုးရွားလာပြီး အစိုးရ၏ အဂတိလိုက်စားမှု ကြီးမားလာကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထား

တောင်ဆူဒန်နိုင်ငံတွင် လွန်ခဲ့သော ဆယ်စုနှစ်တည်းက ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေ ဒေါ်လာဘီလီယံပေါင်းများစွာ ခိုးယူခြင်းခံနေရပြီး စားနပ်ရိက္ခာပြတ်လပ်မှု ခံစားနေရသည့် နိုင်ငံဖြစ်ချိန်တွင် အစိုးရ၏အဂတိလိုက်စားမှုကို လွှန်ကဲစွာတွေ့ကြုံနေရကြောင်း ကုလသမဂ္ဂကော်မရှင်ကပြောကြားခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတွင် တောင်ဆူဒန်နိုင်ငံ၌ ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ပြီးဆုံး၍ ဆူဒန်နိုင်ငံမှ လွတ်လပ်ရေးရရှိပြီး ၂၀၁၁ ခုနှစ်တည်းက နိုင်ငံတော်ဘဏ္ဍာကို နိုင်ငံရေးအရာရှိကြီးများ၏ အစီအစဉ်များတွင် အသုံးပြုခြင်းခံခဲ့ရကြောင်း အသေးစိတ်ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံ၏စားနပ်ရိက္ခာပြတ်လပ်မှု အရေးအခင်းကို ပိုမိုနက်ရှိုင်းစွာ ဖြစ်ပေါ်စေသည်။ လွန်ခဲ့သောနှစ်က အစိုးရသည် နိုင်ငံ့ဘဏ္ဍာငွေ နည်းပါးမှုကို အကြောင်းပြ၍ အမျိုးသား အဆင့်ရွေးကောက်ပွဲကို ဒုတိယအကြိမ်အဖြစ် ရွှေ့ဆိုင်းခဲ့သည်။ ကုလသမဂ္ဂ အချက်အလက်များအရ တောင်ဆူဒန်နိုင်ငံ၏ လူဦးရေ သည် ၁၁ သန်းကျော် နီးပါးရှိသည်။

အစီရင်ခံစာတွင် အာဏာရှိသော လူနည်းစုက နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုနှင့် နိုင်ငံ့အရင်းအမြစ်များကို လုယက်ခိုးဝှက်ပြီး ကြွယ်ဝချမ်းသာလာချိန်တွင် ပြည်သူအပေါ် နိုင်ငံ၏အချုပ်အခြာအာဏာ သက်ရောက်မှုကို လျစ်လျူရှုကာ စားနပ်ရိက္ခာထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစသည့်ဝန်ဆောင်မှုများကို နိုင်ငံတကာ အလှူရှင်များထံသို့ လွှဲပြောင်းခဲ့ကြသည်။ အဂတိလိုက်စားမှုက တောင်ဆူဒန်နိုင်ငံသား များ၏ ဘဝကို သတ်နေခြင်းသာဖြစ်သည်။

ရေးသားဖော်ပြချက်တွင် အစိုးရသည် စွပ်စွဲချက်များကို "အဓိပ္ပာယ်မရှိသော စွပ်စွဲချက်များဟု ဖော်ပြခဲ့သည့်အပြင် အစီရင်ခံစာတွင် နည်းပညာပိုင်းဆိုင်ရာ အမှား အယွင်းများပါရှိနေပြီး ကော်မရှင်၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်နေသည်ဟု ဖော်ပြ ထားသည်။ ထို့ပြင်တွေ့ရှိချက်များအပေါ် တုံ့ပြန်ရန် လုံလောက်သော အချိန်မပေးခဲ့ဟု ဆိုထားသည်။

အစိုးရ၏ oil-for-roads အစီအစဉ်သည် လောင်စာဆီဝင်ငွေကို သမ္မတ Salva Kiir နှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းရှင် Benjamin Bol Mel ၏ ကုမ္ပဏီများသို့ ရောက်သွားစေသည်ဟု ကုလသမဂ္ဂ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

Oil-for-roads အစီအစဉ်သည် အစိုးရ၏ အဓိကကျသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပျိုးမှုဖြစ်ပြီး မကြာသေးမီနှစ်များတွင် လောင်စာဆီ ဝင်ငွေရရှိတည်းက အကြီးဆုံးဖြစ်ပြီး နိုင်ငံ့စီးပွားရေး၏ အုတ်မြစ်ဖြစ်သည်။

အစီရင်ခံစာတွင် Oil-for-roads အစီအစဉ်အတွက် မြှုပ်နှံထားသော ဒေါ်လာ ၂.၂ ဘီလီယံမှ ဒေါ်လာ ၁.၇ ဘီလီယံသည် စာရင်းပျောက်နေပြီး အစပျိုးရန် လိုအပ်သည့် အစီအစဉ်၏ ၉၅ ရာခိုင်နှုန်း သည် မပြီးပြတ်သေးကြောင်း ဖော်ပြထားသည်။

အစိုးရက တောင်ဆူဒန်နိုင်ငံသားများ၏ ကောင်းမွန်သော ပုံရိပ်နှင့်အစိုးရ၏ ခေါင်းဆောင်မှုကို အပုပ်ချရန် ရည်ရွယ်ထားသည့် Oil-for-roads ရန်ပုံငွေနှင့်စပ်လျဉ်း၍ ကော်မရှင်၏တွေ့ရှိချက်များကို ငြင်းဆိုခဲ့သည်။

သမ္မတအဖြစ် ထင်ကြေးပေးခံရသည့် Bol Mel နှင့်ကုမ္ပဏီများစွာသည် ယခုလက်ရှိတွင် အမေရိကန်၏ အရေးယူမှုပိတ်ဆို့မှုအောက်တွင် ရှိနေသည်။

အခြားအစီအစဉ်တစ်ခုဖြစ်သည့် “Politically connected” တွင် Crawford Capital Ltd. သည် “ပုံမှန်မဟုတ်သောအစိုးရ၏ e-ဝန်ဆောင်မှုများ” မှတစ်ဆင့် အီလက်ထရွန်နစ်ဗီဇာနှင့် ရေနံတင်သွင်းခြင်းနှင့် တင်ပို့ခြင်းလိုင်စင်များ လုပ်ဆောင်ခြင်းနှင့် အခွန်ကောက်ခံခြင်းစသည်တို့မှ ဒေါ်လာသန်းပေါင်းများစွာကို သိမ်းဆည်းခဲ့သည်ဟု အစီရင်ခံစာတွင် စွပ်စွဲထားသည်။

တောင်ဆူဒန်နိုင်ငံသည် ဖွံ့ဖြိုးမှုနှင့် လူနေမှုဘဝ အညွှန်းကိန်းအဆင့် အနိမ့်ဆုံးစာရင်းတွင် ပါဝင်ပါသည်။ ခန့်မှန်းခြေအားဖြင့် ကလေး ၁၀ ယောက်မွေးဖွားမှုတွင် ၁ ယောက် သေဆုံးပြီး အလယ်တန်းအဆင့် ကျောင်းအပ်နှံမှုမှာ ၅ ရာခိုင်နှုန်း သာရှိသည်။

စားနပ်ရိက္ခာဖူလုံရေး လေ့လာသုံးသပ်သူများသည် နိုင်ငံ၏စီရင်စု ၇၉ ခုအနက် ၇၆ ခုသည် စားနပ်ရိက္ခာမလုံလောက်မှု ဆိုးရွားစွာ ကြုံတွေ့နေရသည်ဟု ဆိုသည်။ သို့သော်လည်း အစိုးရ၏ဘဏ္ဍာငွေ အနည်းငယ်ကိုသာ ပြည်သူ့ဝန်ဆောင်မှုများအတွက် ခွဲဝေပေးထားကြောင်း အစီရင်ခံစာက ဆိုထားသည်။ ၂၀၂၀ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်အကြားတွင် နိုင်ငံတော်ဘတ်ဂျက်၏ ၁ ရာခိုင်နှုန်း အောက်ကိုသာ စားနပ်ရိက္ခာဖူလုံမှုကို ပံ့ပိုးပေးသည့် ဝန်ကြီးဌာနများသို့ ခွဲဝေပေးခဲ့ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဘဏ္ဍာငွေအား သမ္မတ၏ ကိုယ်ရေးကိုယ်တာဆေးကုသရေးဌာန၌ သုံးစွဲသည့်ပမာဏသည် တစ်နိုင်ငံလုံး ကျန်းမာရေး

စောင့်ရှောက်မှုအတွက် သုံးစွဲသည့်ပမာဏထက် ကျော်လွန်သွားခဲ့သည်။

အစိုးရသည် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများနှင့် လောင်စာဆီထုတ်လုပ်မှု ကျဆင်းနေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုများတွင် ငွေကြေးသုံးစွဲခြင်းအပေါ် အတားအဆီးအဖြစ် ထောက်ပြထားသည်။





တောင်ဆူဒန်နိုင်ငံသည် အကျင့်ပျက်ခြစားမှုနှင့် ပြည်သူ့ဘဏ္ဍာငွေများ ခိုးယူမှုတို့ဖြင့် ကာလရှည်ကြာစွာ ကပ်ဆိုးဆိုက်နေခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုများစွာ တွေ့ရှိခဲ့သည်။ ၂၀၂၁ ခုနှစ် ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် စာရင်းပျောက်နေသော အစိုးရဝင်ငွေ ဒေါ်လာသန်းပေါင်းများစွာကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ယင်းပမာဏမှာ ပြည်သူ့ဘဏ္ဍာခိုးယူမှု၏ သေးငယ်သောကိန်းဂဏန်းသာ ဖြစ်သည်ဟု ဆိုထားသည်။

**Source**

https://www.ohchr.org/sites/default/files/documents/hrbodies/hrcouncil/cohrsouthsudan/ a-hrc-60-crp-5.pdf

https://abcnews.go.com/Business/wireStory/report-cites-huge-government-corruption-south-sudan-food-125612497

ဒေါ်စန္ဒာဝင်း
ဦးစီးအရာရှိ
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

*********** ............ **********

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတကာဦးစားပေးအစီအစဉ်တွင် ထိပ်ဆုံးသို့ မြှင့်တင်ခြင်း

အာဖဂန်နစ္စတန်တွင် ဒီမိုကရေစီပြိုလဲမှုသည် ၂၀ နှစ်ကြာ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုနှင့် ဘီလျံနှင့်ချီသည့်ဒေါ်လာများအကုန်အကျခံပြီးမှ ဖြစ်လာခြင်း ဖြစ်ပါသည်။ ဆူဒန်နိုင်ငံတွင် အောက်တိုဘာလ အာဏာသိမ်းမှုနှင့် အရပ်သားအစိုးရ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် ဒီမိုကရေစီပြိုလဲခဲ့ပါသည်။ ယခုကဲ့သို့ ဒီမိုကရေစီ နောက်ပြန်ဆုတ်သွားသည့် အခြေအနေများနှင့် နိုင်ငံတကာလူ့အခွင့်အရေး ပျက်ကွက်မှု များအားလုံးတွင် အဓိကတူညီချက်တစ်ခု ရှိနေပါသည်။ ထိုအရာသည် အဂတိလိုက်စားမှု ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် အာဖဂန်နစ္စတန်တွင် ဒီမိုကရက်တစ်အစိုးရ ရုတ်တရက် ပြိုလဲသွားစေပြီး ကဘူးလ်မြို့ကို ကျဆုံးစေခဲ့ပါသည်။ ထို့အပြင် ဆူဒန် နိုင်ငံတွင် အာဏာသိမ်းခဲ့သည့် စစ်တပ်အကြီးအကဲများကိုလည်း လှုံ့ဆော်ခဲ့ပါသည်။ ဤသည်မှာ ခက်ခဲသော်လည်း အရေးကြီးသည့် မေးခွန်းတစ်ခုကို ပေါ်ပေါက်လာစေ ခဲ့ပါသည်။ အဂတိလိုက်စားမှုကို နစ်နာသူမရှိသူ ငွေကြေးဆိုင်ရာ ရာဇဝတ်မှုတစ်ခု အနေဖြင့် ဆက်လက်ရှုမြင်ပြီး ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူ စာချုပ် (UNCAC) ကဲ့သို့သော စာချုပ်များနှင့် ကိုင်တွယ်ဖြေရှင်းနိုင်မလား သို့မဟုတ် အဂတိလိုက်စားမှု အထူးသဖြင့်ကြီးမားသည့် အဂတိလိုက်စားမှုများကို လူ့အခွင့်အရေး အတွက် ကြီးမားသည့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှု တစ်ခုအဖြစ် လူ့အခွင့်အရေးကို တိုက်ရိုက်ချိုးဖောက်မှု တစ်ခုအနေဖြင့် ကမ္ဘာပေါ်တွင် ဒီမိုကရေစီကြီးထွားလာရန် အတွက် အဓိကအတားအဆီးတစ်ခုအဖြစ် စတင်ရှုမြင်လာကြမလား စသည်ဖြင့် မေးခွန်းများ ပေါ်ပေါက်လာစေခဲ့ပါသည်။

ကမ္ဘာ့ခေါင်းဆောင်များ၊ အထူးသဖြင့် အဓိက ဒီမိုကရေစီနိုင်ငံများ၏ ခေါင်းဆောင်များတွင် ထိုအပြောင်းအလဲကို လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေပြီ ဆိုသည့် အရိပ်အယောင်များ ပိုပိုပြီး မြင်လာရပါသည်။ ဥပမာအားဖြင့် သမ္မတဘိုင်ဒန် ဦးဆောင်ကျင်းပမည့် ဒီမိုကရေစီထိပ်သီးအစည်းအဝေးမှာ အဂတိလိုက်စားမှု

တိုက်ဖျက်ရေးကို အဓိကဆောင်ရွက်မည့်အကြောင်းအရာ (၃) ခုထဲတွင် တစ်ခုအဖြစ် ထည့်သွင်းထားပါသည်။ အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့်ဥရောပသမဂ္ဂ (EU) တို့၏ လူ့အခွင့်အရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုအသစ်များမှာလည်း အဂတိလိုက်စားမှုကို ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အနီးစပ်ဆုံး ဆက်စပ်နေသည်လို့ သတ်မှတ်ထားပါသည်။ အနောက်နိုင်ငံများတွင် အထူးသဖြင့် အမေရိကန်၏ အာဖဂန်နစ္စတန်အရေး ပျက်ကွက်မှုနှင့် ပတ်သက်သည့် ငြင်းခုံဆွေးနွေးမှုမှာ ဘယ်အရာများက မှားယွင်းခဲ့သည်ဆိုတာကို သုံးသပ်သည့်အခါ အာဖဂန်နစ္စတန် နိုင်ငံရေး ခေါင်းဆောင်များ၏ ကြီးမားသည့် အဂတိလိုက်စားမှုအပေါ် အာရုံစိုက်မှုသည် အဓိက အချက်တစ်ခုဖြစ်နေပါသည်။ အဂတိလိုက်စားမှုများသည် သာမန်ပြည်သူ များ၏ လူ့အခွင့်အရေးကို ထိခိုက်စေပြီး ဒီမိုကရေစီအပေါ် သူတို့၏ယုံကြည်မှုကို အားနည်းစေခဲ့ပါသည်။

စစ်ရေးသုံးသပ်ချက်များစွာတွင် အာဖဂန်နစ္စတန် လက်နက်ကိုင်တပ်ဖွဲ့များမှာ Goast Soilder (စာရင်းရှိပြီးအပြင်မှာမရှိတဲ့စစ်သား) ပြဿနာနှင့် အမှန်တကယ်ရှိသည့် စစ်သားများကို လစာနဲ့ရိက္ခာမပေးနိုင်ခြင်းသည် အဓိကပြဿနာဖြစ်ခဲ့သည်ဟု ထောက်ပြကြပါသည်။ ထိုပြဿနာနှစ်ခုစလုံးသည် ကြီးမားသည့် အဂတိလိုက်စားမှု များမှ ဖြစ်လာခဲ့ပြီး အာဖဂန်နစ္စတန်အစိုးရ ပြိုလဲရသည့် အဓိကအကြောင်းအရင်းများ ဖြစ်ခဲ့ပါသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အမေရိကန်အထူး စစ်ဆေးရေးမှူးချုပ်ရုံး (SIGAR) ၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာမှာ အမေရိကန်နှင့် အာဖဂန် နစ္စတန်မဟာမိတ် နှစ်ဖက်စလုံးသည် အာဖဂန်နစ္စတန်စစ်သည်များအရေအတွက် အမှန်တကယ်ဘယ်လောက်ရှိသည်၊ ဘယ်နှစ်ယောက် တာဝန်ထမ်းဆောင်ဖို့ အသင့် ရှိသည်၊ သို့မဟုတ် သူတို့၏ တကယ့်စွမ်းရည်များက ဘယ်အရာတွေလဲ ဆိုတာ မသိကြဘူးလို့ ဖော်ပြထားပါသည်။ နောက်ပိုင်း SIGAR အစီရင်ခံစာတစ်ခုကလည်း အဂတိလိုက်စားမှု၏ သက်ရောက်မှုများနှင့် တပ်ဖွဲ့၏ တကယ့်အင်အားနှင့်

ပတ်သက်သည့် အချက်အလက်များ၏ မှန်ကန်မှုသည် အားနည်းနေသည်ကို စိုးရိမ်စရာရှိသည်ဟု ပြသခဲ့ပါသည်။

ထိုအခြေအနေများကြောင့် တပ်မတော်တွင် စိတ်ပျက်မှုများဖြစ်ပေါ်စေပြီး ပြည်သူများကြားမှာလည်း စိတ်ဝင်စားမှု ကင်းမဲ့လာစေခဲ့ပါသည်။ “ထိုအခြေအနေကို ကျွန်တော်တို့ ပြောင်းလဲလို့ မရဘူးဆိုတဲ့ ခံစားချက်တစ်ခုလုံး ရှိနေခဲ့ပါတယ်” လို့ Payenda က ပြောခဲ့ပါသည်။ အစိုးရ၊ လွှတ်တော်နှင့်ဘုရင်ခံများ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကိုလည်း ရှင်းပြခဲ့ပါသည်။ ပြည်သူများက “ချောင်းမြစ်ဖျားခံစီးဆင်းရာက ညစ်ပတ်နေတာ”လို့ ပြောကြပြီး ထိုအရာက ထိပ်တန်းခေါင်းဆောင်များ ပါဝင်ပတ်သက်နေသည်လို့ ဆိုလိုခြင်း ဖြစ်ပါသည်။

Guardian သတင်းစာတွင် Zack Kopplin ၏ ရေးသားချက်အရ ယခုလို ကျယ်ပြန့်သည့် အဂတိလိုက်စားမှုများသည် အာဖဂန်အစိုးရကို အတွင်းကနေ ဆွေးမြေ့စေပြီး ပြိုလဲစေခဲ့သည်ဟု ဆိုပါသည်။ Kopplin က ကဘူးလ်မြို့ ကျဆုံးမှုအတွက် အာဖဂန်ပြည်သူများကို အပြစ်တင်သည့် သမ္မတဘိုင်ဒန်ကိုလည်း ဝေဖန်ခဲ့ပါသည်။ Kopplin က တာလီဘန်တို့၏ အောင်ပွဲသည် အထူးသဖြင့် အမေရိကန် စစ်တပ်အရာရှိကြီးများနှင့် အာဖဂန်နိုင်ငံရေးသမားများအကြား အဂတိလိုက်စားမှုနှင့် မိတ်ဆွေအသိုင်းအဝိုင်းအတွက် ဘက်လိုက်မှု (cronyism) ၏ ရလဒ်ဖြစ်သည်ဟု ပြောခဲ့ပါသည်။

အာဖဂန်နစ္စတန်တွင် အဂတိလိုက်စားမှုသည် နိုင်ငံတကာ လေ့လာသူများနှင့် အာဖဂန် နိုင်ငံသားများအတွက်ပါ လူသိရှင်ကြား လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်လို့ မှတ်ချက်ချခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် Transparency International က အာဖဂန်နစ္စတန်ကို ကမ္ဘာပေါ်မှာ အဂတိလိုက်စားမှု အများဆုံးနိုင်ငံ ၂၀ ထဲက တစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။ အမေရိကန်အစိုးရ ရန်ပုံငွေများသည် စစ်ဘုရင်များနှင့် ရာဇဝတ်ဂိုဏ်းများဆီသို့ရောက်သွားသည်ဟု အစီရင်ခံစာများတွင် ဖော်ပြခဲ့သည်များရှိခဲ့ပြီး၊ ဆွေမျိုးများကိုသာ အလုပ်ခန့်အပ်သည့်စနစ် (nepotism) ကလည်း အစိုးရအပေါ်

ပြည်သူလူထု၏ ယုံကြည်မှုကို ဖျက်ဆီးခဲ့ပါသည်။ အာဖဂန်ပြည်သူနှင့်စစ်တပ်က အစိုးရအတွက် စစ်ရေးတိုက်ခိုက်ရန် ငြင်းဆန်ခဲ့ကြမည်ဆိုရင် ထိုအရာသည် အစိုးရအပေါ် ယုံကြည်မှု မရှိသည့်အတွက် ဖြစ်ပါသည်။

အာဖဂန်နစ္စတန်တွင် ဒီမိုကရေစီပြိုလဲရခြင်း၏ အဓိကအကြောင်းအရင်းသည် အဂတိလိုက်စားမှု ဖြစ်ခဲ့သည်ဆိုပါက ၂၀၂၁ ခုနှစ်မှာ ဒီမိုကရက်တစ်အစိုးရကို ဆိုင်းငံ့ရန် သို့မဟုတ် နောက်ပြန်ဆုတ်ရန် ကြိုးပမ်းခဲ့သည့် ဆူဒန်နိုင်ငံမှ ဗိုလ်ချုပ်များ အတွက်လည်း အဓိက လှုံ့ဆော်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ ဆူဒန်နိုင်ငံတွင် အာဏာသိမ်း မှု၏ နောက်ကွယ်တွင်လည်း အလားတူ ငွေကြေးဆိုင်ရာ အကြောင်းရင်းများရှိနိုင် ပါသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက ဆူဒန်နိုင်ငံ၏ အရပ်သားဝန်ကြီးချုပ် Abdalla Hamdock သည် အကူးအပြောင်းကာလ အစိုးရ (သို့မဟုတ် အချုပ်အခြာအာဏာပိုင် ကောင်စီ) တွင် သူ့၏မိတ်ဖက်ဖြစ်သည့် စစ်တပ်၏ ကြီးမားသည့် စီးပွားရေးလုပ်ငန်း များကို ဝေဖန်ခဲ့ပါသည်။ Al Jazeera က ရေးသားဖော်ပြခဲ့သည့် ဆူဒန်နိုင်ငံက အစီရင်ခံစာများမှာ စစ်တပ်နှင့် လုံခြုံရေးအဖွဲ့များသည် ရွှေ၊ ရော်ဘာ၊ အသားတင်ပို့မှု၊ ဂျုံမှုန့်နှင့် နှမ်း အစရှိသည့် စီးပွားရေးလုပ်ငန်းကဏ္ဍများဖြစ်သော ကုမ္ပဏီ ၂၅၀ ကို ထိန်းချုပ်ထားသည်ဟု ဆိုပါသည်။ အချုပ်အခြာအာဏာပိုင်ကောင်စီ၏ အကြီးအကဲ ဖြစ်သူ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Abdel Fattah al-Burhan သည် နိုင်ငံ၏ဒီမိုကရက် တစ်အသွင် ကူးပြောင်းမှု၏ တစ်စိတ်တစ်ပိုင်းအနေနှင့် ထိုကုမ္ပဏီများကို အစိုးရထံ လွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့ပါသည်။ ပြီးခဲ့သည့် ဩဂုတ်လတွင် ရုရှားအတိုက်အခံ ခေါင်းဆောင် Alexei Navalny က အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရေးယူ ဆောင်ရွက်မှသာ ကမ္ဘာ့အကြီးမားဆုံးပြဿနာများကို ဖြေရှင်းနိုင်မယ်လို့ ရေးသားခဲ့ ပါသည်။ သူ၏ဆောင်းပါးတွင် ဒီမိုကရေစီအရေး အကျပ်အတည်းအပါအဝင် ကမ္ဘာ့ အကျပ်အတည်းများစွာအတွက် ထိန်းချုပ်မရနိုင်သည့် အဂတိလိုက်စားမှုကို

အပြစ်တင်ခဲ့ပြီး ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အချက် ၅ ချက်ပါအစီအစဉ် တစ်ခုကို အဆိုပြုခဲ့ပါသည်။

သူ့၏အယူအဆများတွင် အဓိကအားဖြင့် အနောက်နိုင်ငံအစိုးရများကို ရည်ရွယ်ခဲ့သည်ဖြစ်ပြီး လက်တွေ့ကျနိုင်သလိုလိုနှင့် မကျနိုင်ခဲ့ပါဘူး။ သို့ပေမဲ့ နိုင်ငံများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတကာ နိုင်ငံရေးကဏ္ဍ၏ ထိပ်ဆုံးမှာ ထားရမည်ဆိုတာကို Alexei Navalny က ရှင်းလင်းစွာပြောကြားခဲ့ပါသည်။ အဂတိလိုက်စားမှုသည် ၂၁ ရာစုတွင် ကုလသမဂ္ဂမှ ရင်ဆိုင်နေရသည့် အကြီးမားဆုံး ခြိမ်းခြောက်မှုများစွာနှင့် အနီးကပ်ဆက်စပ်နေသည်ဟု Alexei Navalnyက ဆိုပါသည်။ ဆီးရီးယားနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများ ၊ အာဖဂန်နစ္စတန်နှင့် ဆူဒန်တို့မှာ ဒီမိုကရေစီ နောက်ပြန်ဆုတ်သွားမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်ဖို့နှင့် ဆင်းရဲသည့်နိုင်ငံများတွင် ပြည်သူများက ပိုမိုကောင်းမွန် သည့်ဘဝအတွက် အရာအားလုံး ကို စွန့်လွှတ်ပြီး ရွှေ့ပြောင်းနေထိုင်လာကြသည်ကို စိတ်ပျက်မှုများ ရှိနေခဲ့ဟု ပြောကြားခဲ့ပါသည်။

"Navalnyပြောတာမှန်ပါတယ်" ကမ္ဘာ့အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းတွင် လက်တွေ့ကျ၊ လွယ်ကူပြီး ထိရောက်သည့် အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါသည်။ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှာ ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ ၂၀၁၈ ခုနှစ်မှာ Universal Rights Group က Angela Barkhouse နဲ့ Marc Limon တို့ ရေးသားခဲ့သည့် အစီရင်ခံစာတစ်ခုတွင် ကြီးမားသည့် အဂတိလိုက်စားမှု၏ လူ့အခွင့်အရေး၊ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများအပေါ်တွင် ဆိုးရွားသည့် ဆိုးကျိုးများကို အချက်အလက်များဖြင့် ပြသခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် ဒီဆိုးကျိုး များသည် ပြင်းထန်စေခဲ့ပြီး စနစ်ကျသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဟု သတ်မှတ်ခဲ့ပြီး ဒီအကျိုးသက်ရောက်မှုများသည် ဒီမိုကရေစီ ဆုတ်ယုတ်မှုနှင့် မတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာ လူ့အခွင့်အရေး

စနစ်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုမှာ အဓိက အခန်းကဏ္ဍကနေ ပါဝင်ရမည်ဆိုတာ ရှင်းလင်းစွာပြသနေပါသည်။

လူ့အခွင့်အရေးကောင်စီကလည်း အဂတိလိုက်စားမှုနှင့် လူ့အခွင့်အရေး ဆိုင်ရာ (၂) နှစ် (၁) ကြိမ် ဆုံးဖြတ်ချက်များ ထုတ်ပြန်ခဲ့ပြီး ထိုအချက်များကို အသိအမှတ်ပြုခဲ့ပါသည်။ သို့ပေမဲ့ ထိုအရာများသည် အင်အားနည်းသည့်နိုင်ငံများက UNCAC မှတစ်ဆင့် တောင်းဆိုခြင်း သို့မဟုတ် ဆွေးနွေးပွဲများ ကျင်းပခြင်းများသာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂတစ်ခုလုံး အနေဖြင့် ဆွေးနွေးပွဲများမှတစ်ဆင့် အဂတိလိုက်စားမှုမှ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအပေါ်မှာရှိသည့် ဆောင်ရွက်မှုကိုအသိအမှတ်ပြုကာ ရည်မှန်းချက်ကို မြှင့်တင်ရမယ့်အချိန်ရောက်လာရန် ဆောင်ရွက်ခဲ့ကြပါသည်။

ယခင်က အဂတိလိုက်စားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အထူးလုပ်ထုံးလုပ်နည်း (Special Procedures) တစ်ခုဖြစ်သည့် အထူးကိုယ်စားလှယ် (Special Rapporteur) တစ်ဦးခန့်အပ်ဖို့ ပြောဆိုမှုတွေ ရှိခဲ့ပါသည်။ သို့ပေမဲ့ ပိုပြီးရည်မှန်းချက်ကြီးပြီး ထိရောက်သည့် ရွေးချယ်မှုကတော့ ကမ္ဘာလုံးဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုတိုက်ဖျက်ရေး မှတစ်ဆင့်ရရှိသည့် သင်ခန်းစာများကို လိုက်နာပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights) အတွက် ရွေးချယ်နိုင်သော နောက်ဆက်တွဲ စာချုပ်အသစ် (new Optional Protocol) တစ်ခုကို သဘောတူရန်ဖြစ်ပါသည်။

နောက်ဆက်တွဲစာချုပ်တွင် အဂတိလိုက်စားမှုဆိုင်ရာ ကုလသမဂ္ဂကော်မတီ သစ် (new UN Subcommittee on Corruption) တစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီသည် နိုင်ငံများ၏ ပြည်တွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်များကဲ့သို့ အဖွဲ့အစည်းများကို ခိုင်မာလာအောင် နိုင်ငံများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ ကော်မတီသည် အခြေအနေများကို အကဲဖြတ်ပြီး အကြံပြုချက်များပေးရန်အတွက် အခြားနိုင်ငံများကို

သွားရောက်လေ့လာရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအစီအစဉ်များမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများကို ထည့်သွင်းရန်အတွက် နိုင်ငံတကာစနစ်များနှင့်ပူးပေါင်းလုပ်ဆောင်ရန်၊ ထို့အပြင် ကမ္ဘာ့အဂတိလိုက်စားမှုနှင့် ၎င်း၏စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှုများကို အစီရင်ခံစာများမှတစ်ဆင့် အထူးသဖြင့် ထိခိုက်ခံရသူများအတွက် အသိပညာပေးမှုများကို မြှင့်တင်သွားမှာဖြစ်ပါသည်။

Source

https://www.universal-rights.org/raising-the-fight-against-corruption-to-the-top-of-the-international-agenda-a-proposal-for-a-new optional-protocol-to-the-icescr

ဒေါ်ဖြိုးဖြိုး
ဦးစီးအရာရှိ
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

***********............**********

**တောင်ဆူဒန် အစိုးရအဖွဲ့အစည်း၏ အဂတိလိုက်စားမှုက ကြီးမားသော လူ့အခွင့်အရေး အကျပ်အတည်းကို ဖြစ်ပေါ်စေကြောင်း ကုလသမဂ္ဂ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြ**

တောင်ဆူဒန်နိုင်ငံ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်က ယနေ့ထုတ်ပြန်လိုက်သည့် ၎င်း၏နောက်ဆုံးအစီရင်ခံစာတွင် တောင်ဆူဒန်နိုင်ငံရှိ အစိုးရအဖွဲ့အစည်း၏ စနစ်တစ်ခုကဲ့သို့ဖြစ်နေသော အဂတိလိုက်စားမှုနှင့် နိုင်ငံရေးအထက်တန်း လွှာများ၏ နိုင်ငံတော်ပိုင်ပစ္စည်းများကို အရှက်ကင်းမဲ့စွာ ခိုးယူမှုများကြောင့် ဖြစ်ပေါ်လာသည့်

ကြီးမားသော လူ့အခွင့်အရေး အကျပ်အတည်းကို အရေးတကြီးဖြေရှင်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

"နိုင်ငံတစ်နိုင်ငံအား မတရားသဖြင့် လုယူဖျက်ဆီးခြင်း- တောင်ဆူဒန်တွင် ထိန်းသိမ်းမရဖြစ်နေသော အဂတိလိုက်စားမှုက လူ့အခွင့်အရေးအကျပ်အတည်းကို မည်သို့ဖြစ်ပေါ်စေခဲ့သနည်း" ဟု အမည်ရှိသော အဆိုပါအစီရင်ခံစာသည် ကော်မရှင်၏ နှစ်နှစ်ကြာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများနှင့် ဆန်းစစ်သုံးသပ်ချက်များကို အခြေခံထားသည်။ အဆိုပါအစီရင်ခံစာတွင် ရေနံနှင့် ရေနံမဟုတ်သော နိုင်ငံတော် အခွန်ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာမှုမရှိဘဲ လျှို့ဝှက်စွာဆောင်ရွက်သည့် ဘဏ္ဍာရေးပြင်ပအစီအမံများနှင့် နိုင်ငံရေးအရ ဆက်နွယ်ပတ်သက်နေသော စာချုပ်များမှ တစ်ဆင့်မည်သို့ ခိုးယူသုံးစွဲနေပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ထိုအချိန်တွင် တောင်ဆူဒန်နိုင်ငံသား သန်းပေါင်းများစွာမှာ အခြေခံဝန်ဆောင်မှုများ မရရှိဘဲ ဆုံးရှုံး နေရသည်။

ကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ ယာစ်မင် ဆူကာ (Yasmin Sooka) က "ကျွန်မတို့ရဲ့ အစီရင်ခံစာက နိုင်ငံတစ်နိုင်ငံကို လုယူဖျက်ဆီးခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေ သလိုပါပဲ- အဂတိလိုက်စားမှုဟာ မတော်မဆဖြစ်လာတာ မဟုတ်ဘဲ၊ ၎င်းဟာ တောင်ဆူဒန်နိုင်ငံ တိုးတက်မှုကျဆင်းခြင်းရဲ့ အဓိကအကြောင်းအရာဖြစ်နေပါတယ်" ဟု ပြောကြားသည်။ "ဒါဟာ ငတ်မွတ်ခေါင်းပါးမှု၊ ကျန်းမာရေးစနစ်များ ယိုယွင်းမှုနဲ့ ကာကွယ်နိုင်ပေမဲ့ သေဆုံးမှုတွေကို ဖြစ်ပေါ်စေသလို၊ သယံဇာတတွေနဲ့ ပတ်သက်ပြီး အသက်ဆုံးရှုံးစေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားမှုကိုလည်း ဆိုးရွားစေပါတယ်။ ၂၀၁၁ ခုနှစ် လွတ်လပ်ရေးရပြီးချိန် ကတည်းက တောင်ဆူဒန် ပြည်သူလူထုတွေရဲ့ ဆင်းရဲဒုက္ခဟာ ပြည်သူ့အခွန်ဘဏ္ဍာငွေတွေကို အရှက်ကင်းမဲ့စွာနဲ့ခိုးယူခဲ့ခြင်းရဲ့ တိုက်ရိုက်အကျိုးဆက်ပဲ ဖြစ်ပါတယ်။"

ကော်မရှင်၏ တရားဝင်အချက်အလက်များအပေါ် ဆန်းစစ်သုံးသပ်ချက်အရ အစိုးရ၏ ရေနံတစ်ခုတည်းမှ ရရှိငွေများမှာ ၂၀၁၁ ခုနှစ်မှစ၍ အမေရိကန်ဒေါ်လာ

၂၅.၂ ဘီလီယံကျော် ရှိခဲ့ပြီး၊ ၎င်းသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားသော ပမာဏတစ်ခုဖြစ်သည်။ သို့သော် စနစ်ကျသော အဂတိလိုက်စားမှုနှင့် ရေနံနှင့် ရေနံမဟုတ်သော နိုင်ငံတော်အခွန်ဘဏ္ဍာငွေများကို လမ်းလွှဲသုံးစွဲမှုများကြောင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများထံသို့ ငွေကြေးအနည်းငယ်မျှပင် မရောက်ရှိပေ။

ပညာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် တရားစီရင်ရေးစနစ်များသည်လည်း အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ အစိုးရဝန်ထမ်းအများစုမှာ လစာအပြည့် အဝမရခြင်း သို့မဟုတ် လုံးဝမရရှိခြင်းတို့နှင့် ရင်ဆိုင်နေရသည်။ ယခုအခါ နိုင်ငံတကာ အလှူရှင်များသည် တောင်ဆူဒန်၏ အခြေခံဝန်ဆောင်မှုများအတွက် အစိုးရထက်ပင် ပိုမိုသုံးစွဲနေရပြီး၊ နိုင်ငံသည် ကုလသမဂ္ဂ လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းနှင့် CPI အညွှန်းကိန်း နှစ်ခုလုံးတွင် အောက်ဆုံးအဆင့်၌ ရပ်တည်နေသည်။

ကော်မရှင်အဖွဲ့ဝင် ဘာနေး အဖာကို (Barney Afako) က “နိုင်ငံတော်ရဲ့ ပြည်သူလူထု ကောင်းစားရေးအတွက် အသုံးပြုရမည့်အစား နိုင်ငံရေးခေါင်းဆောင် များကပင် ရေနံနှင့် ရေနံမဟုတ်သော နိုင်ငံတော်အခွန်ဘဏ္ဍာငွေများကို အစိုးရအဖွဲ့ အစည်းတစ်ရပ်လုံးတွင် အမြစ်တွယ်နေသော အဂတိလိုက်စားမှုများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော အစီအမံများမှတစ်ဆင့် စနစ်တကျ လမ်းလွှဲသုံးစွဲခဲ့ကြသည်" ဟု ပြောကြားသည်။ "စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကို စီမံခန့်ခွဲရန်၊ အခက်အခဲ များကို ကြံ့ကြံ့ခံနိုင်ရန်နှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် အတွက် သယံဇာတများ ခွဲဝေချထားပေးနိုင်စွမ်းကို အဂတိလိုက်စားမှုက သိသိသာသာ အဟန့်အတားဖြစ်စေခဲ့သည်။ ထို့အပြင် Revitalized Peace Agreement အရ ဘဏ္ဍာရေးနှင့် တာဝန်ခံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှာ အကောင်အထည်ဖော်နိုင်မှု မရှိသေးဘဲ အဂတိလိုက်စားမှုအပေါ် အရေးယူဆောင်ရွက်နိုင်မှုမရှိခြင်းက လွှမ်းမိုး နေဆဲဖြစ်သည်။"

၂၀၁၈ ခုနှစ်၊ တောင်ဆူဒန်သမ္မတနိုင်ငံ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ Revitalized Peace Agreement သည် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို တိုးတက်စေရန်

ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ချမှတ်ခဲ့သည်။ အကယ်၍ အကောင်အထည်ဖော်နိုင်ခဲ့ပါက၊ ၎င်းသည် အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ သို့သော် ဤအရာများနှင့် အခြားပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ အကောင်အထည်ဖော်ခြင်း သို့မဟုတ် သင့်လျော်သော ရန်ပုံငွေထောက်ပံ့ခြင်းလည်း မရှိခဲ့ပေ။

ထိုအစား ဘတ်ဂျက်သုံးစွဲမှုများသည် နိုင်ငံရေးအထက်တန်းလွှာများကိုသာ အများစု ဘက်လိုက်စွာ အလေးပေးရောက်ရှိလျက်ရှိသည်။ ၂၀၂၀ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန်လအကြားတွင် သမ္မတရုံးသည် ၎င်း၏ ခွဲဝေချထားငွေထက် ၅၈.၄ ရာခိုင်နှုန်း (ခွဲဝေချထားငွေ၏ ခြောက်ဆ နီးပါးဖြစ်သော အမေရိကန် ဒေါ်လာ ၅၅၇ သန်း) အထိ ပိုမိုသုံးစွဲခဲ့သည်။ နှိုင်းယှဉ်ကြည့်ပါက၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်း၏ ခွဲဝေချထားငွေ၏ ၁၉ ရာခိုင်နှုန်း (ငါးပုံတစ်ပုံအောက်ဖြစ်သော ဒေါ်လာ ၂၉ သန်း) သာ ရရှိခဲ့ပြီး၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနက ၇ ရာခိုင်နှုန်း (ဆယ်ပုံ တစ်ပုံအောက်ဖြစ်သော ဒေါ်လာ ၁၁ သန်း) သာ ရရှိခဲ့ကာ၊ ကျား၊ မ ရေးရာနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှာမူ လေးနှစ်အတွင်း ဒေါ်လာ ၃.၇ သန်းသာ ရရှိခဲ့သည်။

ကော်မရှင်အဖွဲ့ဝင် ကားလို့စ် ကက်စ်ထရီဆာနာ ဖာနန်ဒက်ဇ် (Carlos Castresana Fernández) က "ဤလမ်းလွှဲသုံးစွဲမှုများသည် စာရွက်ပေါ်မှာရှိတဲ့ ဘတ်ဂျက်ချို့ယွင်းမှုမျှသာ မဟုတ်ပါဘူး ၎င်းတို့သည် ကာကွယ်နိုင်သော သေဆုံးမှုများ၊ ကျယ်ပြန့်သော အာဟာရချို့တဲ့မှုများနှင့် ပညာရေးတွင် အစုလိုက်အပြုံလိုက် ဖယ်ကျဉ်ခံရမှုများ ဖြစ်သွားစေသည်" ဟု ပြောကြားသည်။ "ကလေးသေဆုံးမှု၏ လေးပုံသုံးပုံမှာ ကာကွယ်နိုင်သော်လည်း ရန်ပုံငွေများမှာ ဆေးဝါး သို့မဟုတ် သောက်သုံးရေသန့်နှင့် မိလ္လာစနစ်များအတွက် မဟုတ်ဘဲ သူကောင်းပြုချီးမြှောက်မှုများနှင့် ကိုယ်ပိုင်အိတ်ကပ်များထဲသို့သာ ရောက်ရှိသွားသည်။ ကျွန်ုပ်တို့ စကားပြော နေချိန်မှာပင် အစိုးရအဖွဲ့အစည်းအတွင်း၌ ဆွေမျိုးကောင်းစားရေးဝါဒနှင့် ကိုယ်ကျိုး စီးပွားအတွက်ခိုးယူမှုမှာ ပိုမိုအမြစ်တွယ်လာနေသည်။ ဤအခြေအနေသည်

လက်ခံနိုင်ဖွယ် မရှိကြောင်း၊ ငြိမ်းချမ်းရေးကို ဦးတည်နိုင်မည်မဟုတ်ကြောင်း၊ ပြည်သူလူထု၏ ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခွင့်အရေးများကို ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်းနှင့် အများပြည်သူယုံကြည်စိတ်ချသော ရွေးကောက်ပွဲများနှင့် နိုင်ငံရေးစနစ်ကူး ပြောင်းရေးကို နှောင့်ယှက်ဖျက်ဆီးနေကြောင်း တောင်ဆူဒန်၏ နိုင်ငံတကာမိတ်ဖက်များက ရှင်းလင်းစွာ ပြောကြားရမည်ဖြစ်သည်။"

အဆိုပါအစီရင်ခံစာသည် **'Oil for Roads'** စီမံချက် ကဲ့သို့သော အဂတိလိုက်စားမှု အစီအမံများကို မီးမောင်းထိုးပြထားသည်။ ထိုစီမံချက်သည် ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၂.၂ ဘီလီယံကို ဘတ်ဂျက်ပြင်ပမှတစ်ဆင့်နိုင်ငံရေးအရ သူကောင်းပြု ချီးမြှောက်မှုများထံသို့ လမ်းကြောင်းလွှဲ ရောက်ရှိသွားခဲ့သည်။ ဤအဂတိလိုက်စားမှုတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ဆူဒန်၏ ဒုတိယ သမ္မတအဖြစ် ခန့်အပ်ခံခဲ့ရသော ဘင်ဂျမင် ဘိုလ် မဲလ် (Benjamin Bol Mel) ပါဝင် ပတ်သက်နေပြီး၊ သူ၏ ကုမ္ပဏီများသည် ကတိပြုထားသော လမ်းအများစုကို ဖောက်လုပ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ပြထားသည်။ အစီရင်ခံစာသည် ခရောဖို့ဒ် ကက်ပီတယ်လ် လီမိတက် (Crawford Capital Ltd) ၏ ရေနံ မဟုတ်သော အခွန်ငွေ ကောက်ခံမှု များတွင်ပါဝင်သည့် အစီအမံများကိုလည်း အသေးစိတ်ဖော်ပြထားပြီး၊ အဆိုပါ ကောက်ခံမှုများမှ အခွန်ငွေ အနည်းငယ်သာ အစိုးရဘတ်ဂျက်များထံသို့ ရောက်ရှိကာ၊ တစ်ချိန်တည်းမှာပင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီ ဆောင်ရွက်ပေး သူများအပေါ် တရားမဝင် အခွန်စည်းကြပ်ကောက်ခံမှုများက အရေးကြီးသော စားနပ်ရိက္ခာကူညီထောက်ပံ့ပေးရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေလျက်ရှိသည်။

Revitalized Peace Agreement သည် ယခုအခါ ပျက်ပျယ်လုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အစိုးရက ပထမဆုံး ဒုတိယသမ္မတ ရီရက်မာချာ (Riek Machar) အပေါ် စွဲချက်တင်ကြောင်း ကြေညာခဲ့ပြီး ၎င်းသည် ၂၀၂၅ ခုနှစ် မတ်လ ကတည်းက မတရား ထိန်းသိမ်းခံထားရသည်။ ။ ထိုအချိန်မှစ၍ သူ၏ အတိုက်အခံပါတီမှာ ပြိုကွဲသွားခဲ့ပြီး


အဓိကခေါင်းဆောင်များမှာ ထောင်ချခံရခြင်း သို့မဟုတ် ပြည်ပသို့ တိမ်းရှောင်နေရခြင်းတို့နှင့် ရင်ဆိုင်နေရသည်။ ထိုအချိန်မှာပင် သမ္မတ၏ သမီးဖြစ်သူနှင့် ဒုတိယသမ္မတ ဘိုလ်မဲလ်၏ ဇနီးဖြစ်သူတို့မှာ မကြာသေးမီက အစိုးရ၏ အဆင့်မြင့်ရာထူးများသို့ တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ အဂတိလိုက်စားမှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြားတွင် Revitalized Peace Agreementတွင် မျှော်မှန်းထားသည့်အတိုင်း တောင်ဆူဒန်၏ စနစ်ကူးပြောင်းရေးကို အပြီးသတ်နိုင်မည့် အလားအလာများမှာ သိသိသာသာ ယုတ်လျော့သွားခဲ့သည်။

ဆူကာက "မြေပြင်မှာတော့ ကျွန်မတို့ဟာ အဂတိလိုက်စားမှုရဲ့ရလဒ်တွေဖြစ်တဲ့ ကြီးမားတဲ့ ဆုံးရှုံးချို့တဲ့မှုတွေနဲ့ အခြေခံအဆောက်အအုံနဲ့ဝန်ဆောင်မှုတွေပြည်စုံမှုမရှိတာကို တွေ့မြင်ခဲ့ရပါတယ် " ဟု ပြောကြားသည်။ "တောင်ဆူဒန်ရဲ့ခေါင်းဆောင်တွေဟာ စနစ်ကျတဲ့ ခိုးယူမှုနဲ့ ၎င်းတို့ အပေါ်အရေးယူဆောင်ရွက်မှုမရှိသေးခြင်းကို အဆုံးသတ်ရပါမယ်။ ပြည်သူ့ဘဏ္ဍာငွေဟာ ကိုယ်ပိုင်ငွေဖြစ်ဖို့ အခွင့်အရေးရလာတဲ့အခါ ငြိမ်းချမ်းရေးဟာ တည်တံ့နိုင်မှာမဟုတ်ပါဘူး။ စနစ်ပြောင်းလဲဖို့အတွက် စီးပွားရေးဆိုင်ရာ ရာဇဝတ်မှုတွေအပေါ် တာဝန်ခံမှုနဲ့ လူ့အခွင့်အရေးမှာ ရင်းနှီးမြှုပ်နှံမှုတွေဟာ မရှိမဖြစ်လိုအပ်ပါတယ်။"

ကော်မရှင်သည် ၎င်း၏ အစီရင်ခံစာကို ယနေ့ ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ထုတ်ပြန်ကြေညာခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အစီရင်ခံရန်ဟူသော လူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါအစီရင်ခံစာက အဂတိလိုက်စားမှု၏ ဆိုးရွားလှသော သက်ရောက်မှုများသည် နိုင်ငံတကာဥပဒေနှင့် အာဖရိကသမဂ္ဂနှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတို့က အသိအမှတ်ပြုထားသော ထိခိုက်နစ်နာမှုများဖြစ်ကြောင်း ထင်ထင်ရှားရှားဖော်ပြထားသည်။ ၎င်းသည် ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ

သဘောတူစာချုပ်အရ တောင်ဆူဒန်၏ တရားဝင်တာဝန်များကို မီးမောင်းထိုးပြထားပြီး၊ အဆိုပါ စာချုပ်က တောင်ဆူဒန် အစိုးရအား အခြေခံလူ့အခွင့် အရေးများကို ဖြည့်ဆည်းပေးရန်အတွက် "ရှိပြီးသား သယံဇာတ အရင်းအမြစ်များမှ အများဆုံး ရရှိနိုင်သမျှ " ကို စီမံခန့်ခွဲပေးရန် တာဝန်ရှိစေသည်။

အဆိုပါအစီရင်ခံစာသည် တောင်ဆူဒန်အစိုးရအနေဖြင့် အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်မှုမရှိခြင်းကို အဆုံးသတ်ရန်၊ တာဝန်ခံမှုကို အားကောင်းစေရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေများနှင့် ပြည်သူ့အသုံးစရိတ် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို အရေးတကြီး ဦးစားပေးဆောင်ရွက်ရန် တို့အတွက် အကြံပြုချက် ၅၄ ချက်ကို တင်ပြထားသည်။



**Source**

https://www.ohchr.org/en/press-releases/2025/09/south-sudan-un-inquirys-report-details-how-systemic-government-corruption

ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ
နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန

## **အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် **"1111"** အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် **" အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) "** ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ **PFP** အစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် **Short Code** နံပါတ် **"1111"** မှတစ်ဆင့် **SMS** ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် **SMS** များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“ အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့ ”

“ ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး ”

